မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၉၃)

မျိုးချစ်တပ်မတော်

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်။ မျိုးချစ်တပ်မတော်ဆိုတာ မည်သည့်အခွင့်အရေး တစ်စုံတစ်ရာမျှ မရသည့်တိုင်အောင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားဖို့ အမြဲတမ်းအသင့်ရှိတဲ့ တပ်မတော်ဖြစ်တယ်။

တပ်မတော်၊ အစိုးရနှင့်ပြည်သူ နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်လျက်ရှိ

ပြည်ထောင်စုကြီးကို ပြိုကွဲစေချင်သည့် အဖွဲ့အစည်းများက ဖက်ဒရယ်စစ်စစ်ပြည်ထောင်စုဆိုသည့် ခေါင်းစဉ်တပ်ပြီး သွေးခွဲလို

အမျိုးသားရေးအကျိုးစီးပွားထက် ပါတီနိုင်ငံရေး ဦးစားပေး၍ နိုင်ငံတော်အတွက်အန္တရာယ်ရှိ

နေပြည်တော် မေ ၁၀

တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉)သင်တန်းဆင်းပွဲ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉)သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ဒီသင်တန်းကို သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလို့ ချီးမြှင့်ခြင်းခံရတဲ့ စစ်မှုထမ်းဗိုလ်လောင်းများနဲ့ ဘွဲ့ရဗိုလ်လောင်းများ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။ သင်တန်းသားများဟာ ပြည်သူကြားက ပေါက်ဖွားလာကြသူများ ဖြစ်တာနဲ့အညီ ဒီသင်တန်းမှာ တိုင်းရင်းသားပေါင်းစုံလဲ ပါဝင်ကြတယ်။ ရဲဘော်တို့ဟာ အရာရှိငယ်တစ်ဦးတတ်မြောက်အပ်တဲ့ စွမ်းရည်သုံးရပ်ဆိုင်ရာ အတတ်ပညာတွေကို သင်ကြားခဲ့ပြီးဖြစ်တာကြောင့် ယနေ့ဆိုရင် ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းကို ခံကြရတော့မှာ ဖြစ်တယ်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၀

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ရှစ်နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

အကြမ်းဖက်အဖျက်သမားများ၏ အဖျက်လုပ်ရပ် ပြည်သူနှင့်တပ်မတော် လက်တွဲပူးပေါင်းချေမှုန်း

မျက်မှောက်ကာလ နိုင်ငံတကာအခြေအနေနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား၌ ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကွာဟမှုများ ရှိနေသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပေါင်းစည်းညီညွတ်သောစွမ်းအားဖြင့် အမျိုးသားရေး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာစေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အတိတ်သမိုင်းကြောင်းအပေါ် အမှီပြုပြီး ပစ္စုပ္ပန်နှင့်အနာဂတ်တို့ကို ဆက်စပ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းအကောင်အထည်ဖော်မှုကြောင့် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး အေးချမ်းသာယာမှုနှင့် လုံခြုံမှုများလွှမ်းခြုံလျက်ရှိပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်နေရသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မနာလိုမရှုဆိတ်သည့် ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံရေးပယောဂသွယ်ပြီး မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများ ပြုလုပ်ကာ ဖိအားပေး အကျပ်ကိုင်နှောင့်ယှက်နေကြသည်။

ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆)၌ အကြမ်းဖက်အဖျက်သမားများ တစ်ကိုတ်တည်းတစ်ဉာဏ်တည်း ပူးပေါင်းပြီး နိုင်ငံတော်နှင့်ပြည်သူအပေါ် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသွားခဲ့သည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအဖွဲ့များသည် တစ်ကိုတ်တည်း၊ တစ်ဉာဏ်တည်း ပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးပျက်စီးစေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို လက်ရဲဇက်ရဲ ကျူးလွန်နေကြသည်။ ထို့အပြင် အလုပ်သမားရေးရာကို ဗန်းပြခုတုံးလုပ်ပြီး အကြမ်းဖက်အဖျက်လုပ်များကို နောက်ကွယ်က ကြိုးကိုင်စီစဉ်နေသည့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်°(FTUB)၏ အတွင်းရေးမှူးနှင့်အပေါင်းပါများကို ILO စင်မြင့်၌ပွဲထုတ်ပြီး နိုင်ငံရေးအရ တိုက်ကွက်ဆင်လျက်ရှိကြသည်။

ပြည်ပဆရာကြီးများနှင့် ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားများက နိုင်ငံတော်အား သုံးဖက်သုံးတန်ညှပ်တိုက်ရန် စီမံဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်က ၎င်းတို့၏ မြေပေါ်တိုက်ခိုက်ရေးအကြံအစည်ကို အချိန်မီဖော်ထုတ်တားဆီးကာကွယ်နိုင်၍ ပြည်ပြေးတိုက်ခိုက်ရေးအစီအမံနှင့် မြေအောက်တိုက်ခိုက်ရေးအစီအမံများကို အချိန်ကိုက် လုပ်ဆောင်လာကြပြန်သည်။ ထိုလုပ်ရပ်များကို တစ်နိုင်ငံလုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်နေသောကြောင့် အကြမ်းဖက်အဖျက်သမားအဖွဲ့များက ကြိတ်မနိုင်ခဲမရဖြစ်ကာ မြေအောက်တိုက်ခိုက်ရေးအစီအမံအရ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်လာခဲ့ကြသည်။

နိုင်ငံတော်နှင့်ပြည်သူအပေါ် အကြမ်းဖက်လုပ်ရပ်များ အကြိမ်ကြိမ်ကျူးလွန်သူများသည် ပြည်ပြေးအုပ်စုများနှင့် အဖျက်သမား သောင်းကျန်းသူအဖွဲ့များသာဖြစ်ကြောင်း အထင်အရှား တွေ့မြင်နေရသည်။

သို့ဖြစ်ရာ ယနေ့ရရှိဖြစ်ထွန်းနေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ဖျက်လိုဖျက်ဆီး ပြုလုပ်နေကြသည့် အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်များကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံဘဲ တပ်မတော်နှင့် လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အဖျက်သမားများအား အမြစ်ပြတ် ချေမှုန်းသွားမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၁–၄–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၈။ ခါသင်္ကြန်အဆိုအကများ
၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ ခါသင်္ကြန်အဆိုအကများ
၄:၂၅ ၆။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၉။ မျိုးချစ်တပ်မတော်
၅:၁၀ ၁၀။ ပညာခေတ်
၅:၃၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
၅:၄၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ နိုင်ငံတကာသတင်း
၆:၂၀ ၁၅။ မိုးလေဝသ သတင်း
၆:၂၅ ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၃၀)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ကျန်းမာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း–၁၉)

အာရှ ရာသီဥတုကြိုတင်ခန့်မှန်းရန် မိုးလေဝသပညာရှင်များ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဧပြီ ၁၀

အာရှတွင် ရာသီဥတုကြိုတင်ခန့်မှန်းခြင်းကို ဆွေးနွေးရန်အတွက် ပေကျင်းမြို့၌ ဧပြီ ၇ရက်က ဖိုရမ်တစ်ရပ် ဖွင့်လှစ်ကာ မိုးလေဝသပညာရှင် ၁၅၀ခန့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နည်းလမ်းများ ရှာဖွေခဲ့ကြသည်။

ယင်းအစည်းအဝေးကို သုံးရက်ကြာကျင်းပပြီး ကျွမ်းကျင်သူ ၁၅၀ခန့် တက်ရောက်ကြသည်။ ယင်းတို့တွင် နိုင်ငံပေါင်း ၂၀မှ ကျွမ်းကျင်သူ ၄၀ ပါဝင် တက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းတို့သည် လာမည့်မိုးရာသီ ဇွန်လမှ ဩဂုတ်လအထိ ကြိုတင်ခန့်မှန်းချက်များနှင့် အာရှဒေသတွင် ရာသီဥတု ပြောင်းလဲဖြစ်စဉ်များကို အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ မိုးရာသီတွင် တိုင်ဖုန်းမုန်တိုင်း၊ မိုးသက်လေပြင်းနှင့် ရေကြီးခြင်းများ အပါအဝင် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသဖြင့် စိုးရိမ်နေရကြောင်း တရုတ်မိုးလေဝသအုပ်ချုပ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဇူရှောင်ဖန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပျက်စီးသွားသည့်ကြယ်၏ ဒြပ်ပစ္စည်းအစအနများ ဂြိုဟ်သစ်များဖြစ်ပေါ်လာပုံကို ပထမဆုံးတွေ့ရှိခဲ့

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

နာဆာ၏ ဆပစ်ဇာနက္ခတ်ကြည့်အဏုကြည့်မှန်ပြောင်းမှ ပျက်စီးသွားသောကြယ်များ၏ပြာများက ဂြိုဟ်များဖွဲ့စည်းဖြစ်ပေါ်လာပုံကို အသေအချာတွေ့ရှိရကြောင်း နက္ခတ္တဗေဒပညာရှင်များက ဧပြီ ၅ရက်တွင် ပြောကြားသည်။

ပေါက်ကွဲသွားသော ကြယ်၏ ကြွင်းကျန်သော အစအနများသည် ကြယ်မှုန်ကြယ်မွှားများအဖြစ် ဝန်းကျင်တွင် တွေ့ရှိရပြီး အဆိုပါ အပျက်အစီးများသည် လှည့်ပတ်ဖွဲ့စည်းလာခဲ့သည်ကို အနီရောင်အောက် အဏုကြည့်မှန်ပြောင်းမှ တစ်ဆင့် လေ့လာတွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ အပျက်အစီး အစအနများသည် ဂြိုဟ်ဖွဲ့စည်းရန်အတွက် အချင်းချင်း တွယ်ကပ် လိုက်ကြကြောင်း၊ ပေါက်ကွဲသွားသည့် ကြယ်ဝန်းကျင်၌ ဂြိုဟ်တည်ဆောက်ဖွဲ့စည်းသည့် ဒြပ်ဝတ္ထုများရှိသည်ကို သိပ္ပံပညာရှင်များအနေဖြင့် ပထမဆုံး လေ့လာတွေ့ရှိခြင်းပင်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အံ့ဩ

ဂြိုဟ်ဖွဲ့စည်းမှုဖြစ်စဉ်ကို မြင်ရသဖြင့် အံ့ဩမိကြောင်း မက်ဆာချူးဆက် နည်းပညာသိပ္ပံဌာန (အမ်အိုင်တီ)မှ ဒီပ်တိုးချတ်ရာဘာတီက ပြောကြားသည်။

ကြယ်မှုန်ကြယ်မွှားများသည် မြင့်မားသည့် စွမ်းအင်ရောင်ခြည်များကိုလည်း စုပ်ယူစွာထုတ်လွှတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပေါက်ကွဲသွားသော ကြယ်၏အစအနများကိုတွေ့ရစဉ်။

ရေးသား

အဆိုပါတွေ့ရှိမှုကို တရုတ်နိုင်ငံ အမ်အိုင်တီမှ ယခင်သုတေသနပါရဂူဖြစ်ပြီး ဦးဆောင်ရေးသားသူ လည်းဖြစ်သူ ကျောင်ဆင်ဝမ်က ဧပြီ ၆ ရက်ထုတ် ဗြိတိသျှနေချားဂျာနယ်တွင် ထုတ်ဖော်ရေးသားလိုက်ခြင်းဖြစ်သည်။

သတ်မှတ်

အဆိုပါကြယ်သည် နှစ်သန်းပေါင်း ၁၀သန်းခန့် ဖြစ်တည်ခဲ့ပုံရပြီး ယခုကဲ့သို့ အသစ်ဖွဲ့စည်းမှုကို ပထမခြေလှမ်း တစ်ရပ်အဖြစ် တွေ့ရှိရသည်မှာ ထူးခြားဆန်းပြားသည့်ပုံစံဖြင့် ဂြိုဟ်စနစ်ကို ပိုမိုသိခွင့်ရခြင်းပင်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားကာ ယင်းသို့ အံ့ဩဖွယ်ဖြစ်ရပ်ကို ၎င်းတို့က ဂြိုဟ်၏ ဒုတိယမျိုးဆက်အစဟု ခေါ်ဝေါ် သတ်မှတ်လိုက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

လူ့အခွင့်အရေးများကို ပေါ်ပေါ်ထင်ထင်ချိုးဖောက်နေသူ

မောင်ရွှေလင်း

အမေရိကန်နိုင်ငံဟာ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ နှစ်ပတ်လည်အစီအရင်ခံစာကို မကြာမီရက်များအတွင်းကပဲ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနက နှစ်စဉ် ထုတ်ပြန်တဲ့ ဒီအစီရင်ခံစာမှာ ဘယ်တိုင်းပြည်တွေ၊ ဘယ်အစိုးရတွေကတော့ လူ့အခွင့်အရေးတွေကို ဘယ်လိုထိပါးနေပါတယ်လို့ စွပ်စွဲဖော်ပြလေ့ရှိပါတယ်။ သူ့အစီရင်ခံစာဆိုတာကလဲ ကိုယ်လုပ်နေတဲ့ မတော်မတရားကိစ္စတွေကလွဲလို့ တခြားနိုင်ငံအတော်များများမှာ သူ့အခြေအနေနဲ့သူအဆင်ပြေသလို၊ လိုအပ်သလို လုပ်ကိုင်ဆောင်ရွက်နေရတဲ့ ကိစ္စတွေကို လက်ညှိုးထိုးဝေဖန်ထားတာပါ။ ဒါကြောင့် အမေရိကန်နိုင်ငံခြားရေးဌာနက အဲဒီလူ့အခွင့်အရေးအစီရင်ခံစာဆိုတာ ထုတ်လိုက်တာနဲ့ကို အဝေဖန်ခံရတဲ့သူတွေကလဲ တုံ့ပြန်ကြတော့တာပါပဲ။

ဒီနှစ် လူ့အခွင့်အရေး အစီရင်ခံစာကိုလဲ ထုတ်လိုက်ရော အပြောခံရသူတွေက **အမေရိကန်ဟာ သူများကိုသာ အပြစ်တင်နေတာ၊ သူကိုယ်တိုင်ကျတော့ အကြမ်းဖက်သမားလို့ စွပ်စွဲပြီး ဖမ်းထားတဲ့သူတွေကို ရုံးတင်စစ်ဆေးခြင်းမပြုဘဲ ဂွမ်တာနာမိုလို အကျဉ်းစခန်းတွေမှာ ကာလရှည်ကြာ ဖမ်းဆီးထိန်းသိမ်းထားတာမျိုးတွေ ဖောင်ကျကျ လုပ်နေတယ်။ အီရတ်နဲ့ အာဖဂန်နစ္စတန်လို တိုင်းပြည်တွေမှာလဲ လက်နက်အားကိုးနဲ့ ဝင်တိုက်ခဲ့လို့ အပြစ်မဲ့ ပြည်သူအများအပြား သေကျေဒဏ်ရာရမှုတွေ ဖြစ်ခဲ့ရတယ်။ ဒါကြောင့် သူကိုယ်တိုင်လဲ လူ့အခွင့်အရေးတွေကို ပေါ်ပေါ်ထင်ထင် ချိုးဖောက်နေတာပါပဲ** လို့ တုံ့ပြန်ကြပါတယ်။

ဒီနေရာမှာ အကြောင်းအရာဆက်စပ်မှု အလျဉ်းသင့်သွားလို့ အမေရိကန်သမ္မတနဲ့ မဟာမိတ်ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၊ လောလောဆယ်နာမကျန်းဖြစ်နေလို့ ဆေးရုံတက်နေရတဲ့ အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှာရွန်တို့ကို လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ ခုံရုံးတင်စစ်ဆေးတဲ့ အမှုတစ်ခုဖြစ်ခဲ့တာကို တင်ပြပါရစေ။

တရားရုံးက အီဂျစ်နိုင်ငံမှာ လုပ်ခဲ့တာပါ။ အီဂျစ်မြို့တော် ကိုင်ရိုက ရှေ့နေများ အသင်းမှာပါ။ တရားရုံးက တကယ်တော့ သရုပ်ပြခုံရုံးပါ။ တရားခံအစစ်အမှန်တွေကို ဝက်ခြံထဲထိုင်ခိုင်းပြီး စစ်ဆေးနိုင်တဲ့ တရားရုံးမျိုးတော့မဟုတ်ပါဘူး။ ဒါပေမယ့် စိတ်ဝင်စားစရာကောင်းတာတစ်ခုက အဲဒီအဝေးရောက်တရားခံ နိုင်ငံခေါင်းဆောင်တစ်စုကို သရုပ်ပြစစ်ဆေးတဲ့ တရားရုံးမှာ ဥက္ကဋ္ဌလုပ်သူက မလေးရှားဝန်ကြီးချုပ် ရာထူးက အနားယူသွားတဲ့ ဒေါက်တာမဟာသီယာဖြစ်နေလို့ပါပဲ။

သရုပ်ပြစစ်ဆေးပွဲမှာ သမ္မတဘုရှ်နဲ့ သူ့မဟာမိတ်ခေါင်းဆောင်ကြီးတွေ အပေါ်တင်ထားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ ပတ်သက်တဲ့ သက်သေခံအထောက်အထားတွေ တစ်ပုံတစ်ပင် တင်ပြကြတယ်လို့ ဆိုပါတယ်။ စွဲချက်နဲ့ပတ်သက်တဲ့ ရုပ်ရှင်တွေပြတယ်။ စစ်ဆေးကြားနာချက်တွေလဲ ကြားသိရတယ်လို့ဆိုပါတယ်။

သရုပ်ပြ ခုံရုံးဂျူရီအဖွဲ့ဝင် လူကြီးတွေကလဲ အထောက်အထားတင်ပြချက်တွေ ခိုင်လုံနေတာမို့ အမေရိကန်၊ ဗြိတိန်နဲ့ အစ္စရေးခေါင်းဆောင်တွေဟာ လူသားထုအပေါ် ပြစ်မှုတွေ ကျူးလွန်ခဲ့ကြတယ်ဆိုတာကို သဘောတူညီခဲ့ကြပါတယ်။ ဥက္ကဋ္ဌ ဒေါက်တာ မဟာသီယာက ဆိုရင် ဒီစွဲချက်တင်ခံရသူတွေဟာ တကယ့်ကို လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်ခဲ့ကြတာ ဖြစ်တယ်ဆိုတာ ရုံးတော်က တွေ့ရှိခဲ့ရတယ်လို့ကို ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ သူက ဒီခေါင်းဆောင်တွေဟာ ကိုယ်ပိုင်အိမ်ရာတွေ၊ ဆေးရုံတွေ၊ ကျောင်းတွေကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသူတွေ၊ အစားအစာနဲ့ဆေးဝါးတွေ လူထုဆီမရောက်နိုင်အောင် တားဆီးပိတ်ဆို့ခဲ့ကြသူတွေ ဖြစ်ကြတယ်လို့လဲ ထောက်ပြခဲ့ကြပါတယ်။ ဒါ့အပြင် အီရတ်နဲ့ ပါလက်စတိုင်းဒေသတွေမှာရော တခြားနေရာတွေမှာပါ ရေပေးဝေရေးစနစ်တွေနဲ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်တွေ ပျက်သွားအောင် လုပ်ပစ်ခဲ့ကြတယ်။ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးကာ နှိပ်စက်ညှဉ်းပန်းပြီး စစ်ဆေးတာ၊ ဖမ်းဆီးထိန်းသိမ်းတာတွေ လုပ်ခဲ့တယ်။ ဒီပြစ်မှုတွေကြောင့် ဒီလူတွေကို တစ်သက်တာပိုင်းကြဉ်ထားသင့်တယ်လို့တောင် ပြောခဲ့ပါတယ်။ ဒါပေမယ့် တကယ်တမ်းတော့ ဒီသရုပ်ပြတရားရုံးဟာ စွဲချက်တင်ခံရသူတွေကို ရုံးတော်ရှေ့အရောက်ခေါ်ယူစစ်ဆေးပြီး စီရင်ချက်ချနိုင်တာ မဟုတ်ပါဘူးလို့ ဒေါက်တာမဟာသီယာက ပြောပါတယ်။ သို့သော် အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ ကျူးကျော်စစ်တွေကြောင့် အရပ်သားတွေ ဘယ်လောက်ထိခိုက် သေဆုံးသွားခဲ့ကြရတယ်ဆိုတာကို နိုင်ငံတကာပြည်သူတွေအနေနဲ့ သိမြင်လာအောင်တော့ လုပ်နိုင်ခဲ့ပါတယ်လို့လဲ အလေးအနက် ပြောကြားခဲ့ပါတယ်။

သူတကာတွေရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို လိုက်လက်ညှိုးထိုးနေသူဟာ ကိုယ်တိုင်လဲ လူ့အခွင့်အရေးများကို ပေါ်ပေါ်ထင်ထင် ချိုးဖောက်နေသူဖြစ်ပါတယ်လို့ တုံ့ပြန်သူများက တညီတညွတ်တည်း ထောက်ပြနေကြပါတယ်ခင်ဗျာ။ ။

အမေရိကန်ဟာ သူများကိုသာ အပြစ်တင်နေတာ၊ သူကိုယ်တိုင်ကျတော့ အကြမ်းဖက်သမားလို့ စွပ်စွဲပြီး ဖမ်းထားတဲ့သူတွေကို ရုံးတင်စစ်ဆေးခြင်းမပြုဘဲ ဂွမ်တာနာမိုလိုအကျဉ်းစခန်းတွေမှာ ကာလရှည်ကြာဖမ်းဆီးထိန်းသိမ်းထားတာမျိုးတွေ ဖောင်ကျကျ လုပ်နေတယ်။ အီရတ်နဲ့ အာဖဂန်နစ္စတန်လို တိုင်းပြည်တွေမှာလဲ လက်နက်အားကိုးနဲ့ ဝင်တိုက်ခဲ့လို့ အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရမှုတွေ ဖြစ်ခဲ့ရတယ်။ ဒါကြောင့် သူကိုယ်တိုင်လဲ လူ့အခွင့်အရေးတွေကို ပေါ်ပေါ်ထင်ထင် ချိုးဖောက်နေတာပါပဲ။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဇီဇဝါဥယျာဉ် ခြံအမှတ် ၁၄ နေ ကိုသန့်ဇင်ကျော်-မသက်သက်စု(ကောင်းဆေးပေါ့လိပ်)တို့၏ (၁)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ် ဘိုးဘွားများအား အာဟာရကျွေးမွေးရန် ဆေးပဒေသာပင်နှင့် စကြာလမ်းအတွက် ငွေကျပ်လေးသိန်း ငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)
စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ ဆေးပဒေသာပင်အလှူငွေခိုက်ထူ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ဗဟိုလမ်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)ဝင်းအတွင်း ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းကာ ဗဟိုအမျိုးသမီးဆေးရုံကြီးသန့်ရှင်းရေး၊ စိမ်းလန်းစိုပြည် လှပရေး ဆောင်ရွက်မှုနှင့် ဆေးပဒေသာပင် အလှူငွေ ခိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက်၇နာရီတွင် ဗဟိုအမျိုးသမီး ဆေးရုံကြီးသို့ ရောက်ရှိလာပြီး ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးက စုစုပေါင်း အင်အား ၅၀၀ ကျော်ဖြင့် လုပ်ကွက်ခြောက်ကွက်ခွဲကာ သန့်ရှင်းရေးပြုလုပ်မှု အခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် တာဝန်ရှိသူများနှင့်အတူ လုပ်ကွက်များအလိုက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ဧပြီ ၈ ရက်က လေးမြွှာပူးမွေးဖွားခဲ့သည့် ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်ထားရှိမှုကို ကြည့်ရှုကြပြီး အသက်၂၅နှစ်ရှိ မိခင်မခိုင်နွယ်ဝင်းအား သွားရောက်ကြည့်ရှုအားပေးကြကာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပံ့ပိုးကူညီငွေ ကျပ်ငါးသောင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ပံ့ပိုးကူညီငွေ ကျပ်လေးသောင်းတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအမျိုးသမီးဆေးရုံကြီး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်၍ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)သို့ ဆေးပဒေသာပင် အလှူငွေ ခိုက်ထူပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း အပါအဝင် အလှူရှင်များနှင့် အဖွဲ့အစည်း ၇၀ တို့က အလှူငွေကျပ်သိန်း၈၀ကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဆေးရုံအုပ်ကြီးတို့က အသီးသီးလက်ခံကြသည်။

(သတင်းစဉ်)

မတ် ၂၉ရက်က မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် နယ်လှည့်စာ ကြည့် တိုက်၊ နံရံကပ်စာစောင်၊ ဓာတ် ပုံ ပြ ပွဲနှင့် ဟော ပြော ပွဲ အခမ်းအနားကို အမှတ်(၅)ရပ်ကွက် (ပန်းပင်ကုန်း) ချမ်းသာပြည့်စုံ စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက် အဖွဲ့ဝင်(၁) ဦးမျိုးဝင်း၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးရဲဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သူချစ်ကိုယ်ချစ် မေတ္တာစစ်တရားတော်(အရှင်ဆေကိန္ဒ) (အပိုင်း-၁)
၇:၃၀	Video Magazine
၈:၀၀	ခါသကြီန်အဆိုအက
၈:၀၅	Sunday Talk
၉:၀၀	ခါသကြီန်အဆိုအက
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	ခါသကြီန်အဆိုအက
၉:၂၀	ပို့ကြမယ် သွင်းကြမယ် (မင်းအုပ်စိုး၊ မျိုးစန္ဒီကျော်)
၉:၃၅	ခါသကြီန်အဆိုအက
၉:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘုံတောင်တော်မှာ
၉:၅၅	ခါသကြီန်အဆိုအက
၁၀:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **“ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိကြာ”**
၁၀:၃၀	ခါသကြီန်အဆိုအက
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	ကာယဗလလေ့ကျင့်မှု အကျိုးနှင့်အခြေခံကာယဗလလေ့ကျင့်နည်းများ(အပိုင်း-၂)
၁၁:၁၀	ခါသကြီန်အဆိုအက
၁၁:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀	ကြံသီးနှံအထွက်တိုးရေး အခြေခံနည်းပညာ
၁၁:၃၀	ခါသကြီန်အဆိုအက
၁၁:၃၅	ရိုးရာအလှ တာသကြီန်အက
၁၁:၅၅	ခါသကြီန်အဆိုအက
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်သူများနှင့်တစ်သားတည်းနေထိုင်ပြီး အဖျက်ရန်စွယ်မှန်သမျှ ပြည်သူနှင့်လက်တွဲချေမှုန်း နိုင်ငံတော်နှင့်တပ်မတော်အတွက် အားထားရသော သားကောင်းရတနာများဖြစ်အောင်ကြိုးစား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ရဲဘော်တို့–

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်။ မျိုးချစ်တပ်မတော်ဆိုတာ မည်သည့်အခွင့်အရေးတစ်စုံတစ်ရာမျှ မရသည့်တိုင်အောင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားဖို့ အမြဲတမ်းအသင့်ရှိတဲ့ တပ်မတော်ဖြစ်တယ်။ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားတာကြောင့်လဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားနိုင်ကြတာဖြစ်တယ်။ ဒါ့အပြင် စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နာခံတတ်ခြင်းနဲ့ ရဲဘော်စိတ်ရှိခြင်းတို့ကြောင့် တပ်မတော်ရဲ့ စည်းလုံးညီညွတ်မှုဟာ ခိုင်မာခဲ့တယ်။ ထို့အတူပဲ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ ဆိုတဲ့ သစ္စာတရားကြောင့်လဲ မြင့်မြတ်တဲ့ တပ်မတော်အဖြစ် အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့တာဖြစ်တယ်။ ဒါကြောင့် မွန်မြတ်တဲ့တပ်မတော်ရဲ့အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးသွားကြဖို့ ရဲဘော်တို့ကို မှာကြားလိုတယ်။

ရဲဘော်တို့–

ဒို့နိုင်ငံတော်ဟာ ရှေးနှစ်ပေါင်းပဝေသဏီကပင် ဒို့ဘိုးဘွားတို့ ဓားမဦးချ လယ်သစ်တည်၊ ကျီသစ်ဆောက်ပြီး နေထိုင်ခဲ့ကြတဲ့ နေရာဖြစ်တယ်။ ဒီမြေ ဒီရေဟာ ဒို့ဘိုးဘွားတွေသာလျှင် မူလပိုင်ဆိုင်သူတွေဖြစ်တယ်။ ကျယ်ပြန့်တဲ့ မြေနိမ့်လွင်ပြင်တွေ၊ မြင့်မားတဲ့တောင်ကုန်းတောင်တန်းတွေ၊ မြစ်ကြီးလေးသွယ်နဲ့ ချောင်းမြောင်းအင်းအိုင်တွေပါဝင်ပြီး ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့အပြင် အဖိုးတန်သစ်တောကြီးတွေဖြစ်ထွန်းတဲ့ ဒို့နိုင်ငံတော်မှာ ဒို့ဘိုးဘွားတွေဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ဟာ အေးအတူပူအမျှ စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် ဒို့ရဲ့**စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်ဆိုတာ ခိုင်မာတဲ့ပြည်ထောင်စုစိတ်ဓာတ်အပေါ်မှာ အခြေတည်ကြောင်းပြောကြားလိုတယ်။**

ရဲဘော်တို့–

စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမယ့်ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ရမယ်။ လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်တဲ့တပ်မတော်မှာ စည်းကမ်းဥပဒေဟာ မဏ္ဍိုင်ဖြစ်တယ်။ ဒါကြောင့် တပ်မတော်မှာ အချို့စည်းကမ်းတွေကို ဥပဒေအဖြစ် ပြဋ္ဌာန်းထားပြီး အချို့ကိုတော့ ကျင့်ဝတ်တွေအဖြစ်သတ်မှတ်ထားတယ်။ စစ်မှုထမ်းတွေဖြစ်တဲ့ရဲဘော်တို့ဟာ စစ်ဘက်ဥပဒေတွေ၊ စစ်စည်းကမ်းတွေနဲ့အတူ စစ်သည်တော်ကျင့်ဝတ်ကိုပါ ခါးဝတ်ပုဆိုးပမာ မြဲမြံစွာလိုက်နာကြရမှာဖြစ်တယ်။ ဒါ့အပြင် ဒို့တပ်မတော်သားတွေဟာ ပြည်သူတွေပဲဖြစ်တဲ့အတွက် ပြည်သူတွေနည်းတူ နယ်ဘက်ဥပဒေတွေကိုလဲ လိုက်နာကြရမယ်။

ရဲဘော်တို့–

အသက်ကိုရင်းနှီးပြီးထမ်းဆောင်ရမယ့် ရည်မှန်းချက်တာဝန်တစ်ခုကို တက်ညီလက်ညီ ထမ်းဆောင်နိုင်ဖို့အတွက် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးဟာ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြစ်ဖို့လိုတယ်။ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်ပြီး ခေါင်းဆောင်အပေါ် လေးစားအားထားယုံကြည်မှုရှိမှလဲ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုတာ ဖြစ်လိမ့်မယ်။

လက်အောက်ခံတပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်လေးစားအားထားခြင်းကို ရရှိဖို့အတွက် ရဲဘော်တို့ဟာ တပ်မတော်ကပြဋ္ဌာန်းထားတဲ့ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နဲ့ ဦးစွာပြည့်စုံကြရမယ်။ ထို့အတူပဲ အတွေ့အကြုံနဲ့ အတွေးအမြင်ရင့်ကျက်ပြီး စီမံခန့်ခွဲတတ်ရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ကိုယ်တိုင်ကိုယ်ကျ အတွေ့အကြုံပြည့်ဝချင်တဲ့ ဆန္ဒပြင်းပြရမယ့်အပြင် သူတစ်ပါးရဲ့အတွေ့အကြုံတွေအပေါ်မှာလဲ သင်ခန်းစာယူတတ်ရမယ်။ သင်ခန်းစာယူတတ်မှလဲ အတွေ့အကြုံဆိုတာတန်ဖိုးရှိတာဖြစ်တယ်။

စီမံခန့်ခွဲမှုနဲ့ပတ်သက်လို့ကတော့ တစ်ဦးချင်းစွမ်းရည်ကို နေရာတကျအသုံးချတတ်ခြင်း၊ တပ်ဖွဲ့ရဲ့စွမ်းရည်ကို သိရှိပြီး မြှင့်တင်နိုင်စွမ်းရှိခြင်းနဲ့ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းတွေကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းတို့ဟာ ခေါင်းဆောင်ငယ်တွေအတွက် ပြည့်စုံရမယ့်အချက်တွေဖြစ်တယ်။ ထို့အတူပဲ အဆင့်မြင့်စစ်ဘက်စီမံခန့်ခွဲမှုကိုလဲ တစ်ဆင့်ပြီးတစ်ဆင့် လေ့လာသွားကြရမယ်။ ဒို့တပ်မတော်မှာ အထက်တစ်ဆင့်၊ အောက်နှစ်ဆင့် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိရမယ်။ ဆိုလိုရင်းက အောက်သက်ကျေပြီး နောက်လိုက်ကောင်းဖြစ်သလို ထက်မြက်ပြီး တာဝန်တိုးယူနိုင်တဲ့ခေါင်းဆောင်ကောင်းလဲ ဖြစ်ကြရမယ်။

ရဲဘော်တို့ဟာ အတွေ့အကြုံရင့်ကျက်လာတာနဲ့အမျှ အဆင့်မြင့်တာဝန်တွေကို ရွေးချယ်ပေးအပ်ခြင်းခံကြရမှာဖြစ်တယ်။ တပ်မတော်မှာ ဒုတိယတပ်ကြပ်ကစပြီး အထက်အဆင့်အားလုံးဟာ ရွေးချယ်ခန့်အပ်ခြင်းခံကြရသူတွေဖြစ်တယ်။ ဒါကြောင့်စစ်ဘက်ခေါင်းဆောင်ကောင်းများဖြစ်အောင်ကြိုးစားအားထုတ်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

စစ်ဘက်ခေါင်းဆောင်ဆိုတာ အမြဲတမ်းလေ့ကျင့်ရမယ်၊ အမြဲတမ်း စစ်ရေးသတိရှိရမယ်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမယ်ဆိုတဲ့ မြဲသုံးမြဲနဲ့ ပြည့်စုံကြရမယ်။

ယနေ့ဆိုရင် တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ဟာ နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ပြီး ဝိုင်းဝန်းကာကွယ် စောင့်ရှောက်လျက်ရှိကြတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ စီးပွားရေးနဲ့ လူမှုရေး အခြေခံအဆောက်အအုံတွေကို ကွက်လပ်မကျန်ရအောင် တည်ဆောက်လျက်ရှိတဲ့နည်းတူ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်တယ်။ ယခုကာလမျိုးမှာ အမြဲတမ်းစစ်ရေးသတိရှိဖို့ လိုအပ်တယ်။ သတင်းရမှ သတိရှိမှာဖြစ်တယ်။ ယနေ့ကာလဟာလဲ သတင်းခေတ်ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ပြည်တွင်းပြည်ပက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ ကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်တွေကို စဉ်ဆက်မပြတ် စုဆောင်းလေ့လာကြရမယ်။

ထို့အတူပဲ တာဝန်ကျရာဒေသမှာ တွေ့ရတဲ့ ပြည်သူနဲ့တစ်သားတည်း နေထိုင်ပြီး အဖျက်ရန်စွယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲချေမှုန်းကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ဒို့နိုင်ငံတော်ရဲ့သမိုင်းကြောင်းမှာ ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမယ့်အန္တရာယ်နဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးမယ့်အန္တရာယ်တွေဟာ ဒို့နိုင်ငံအပေါ် မကြာခဏခြိမ်းခြောက်ခဲ့ကြောင်း တွေ့ရတယ်။ ဒီအန္တရာယ်တွေနဲ့ ကြုံတွေ့ရတိုင်း ပြည်သူနဲ့တပ်မတော်လက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရတာဖြစ်တယ်။ **ဒို့တာဝန်အရေးသုံးပါးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟာ ဗဟိုချက်ဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲတာနဲ့ ပြည်ထောင်စုပြိုကွဲမှာဖြစ်ပြီး၊ ပြည်ထောင်စုကြီး ပြိုကွဲသွားတာနဲ့တစ်ပြိုင်နက် အချုပ်အခြာအာဏာဟာ လက်လွတ်ဆုံးရှုံးမှာပဲဖြစ်တယ်။**

ဒို့နိုင်ငံမှာ နယ်ချဲ့ဆိုးမွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး အချင်းချင်းလက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်ပေါ်ခဲ့တဲ့ ခါးသီးတဲ့သင်ခန်းစာရှိခဲ့တယ်။ ဒါကြောင့်လဲ နိုင်ငံဟာတိုးတက်မှုလမ်းစပျောက်ပြီး ခေတ်နောက်ကျကျန်ရစ်ခဲ့တာဖြစ်တယ်။ ယခုအခါမှာ အမျိုးသားညီလာခံကြီးကို ကျင်းပပြီး ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်လျက်ရှိရာမှာ တိုင်းရင်းသားကိုယ်စားလှယ်များဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစတဲ့ ဒို့တာဝန်အရေးသုံးပါးကို ရှေ့တန်းတင်ပြီး နှီးနှောတိုင်ပင်ဆွေးနွေးလျက်ရှိကြတယ်။

ဒါပေမယ့် ပြည်ထောင်စုကြီးကို ပြိုကွဲစေချင်တဲ့ အဖွဲ့အစည်းတွေကတော့ အကျယ်အဝန်းချင်း၊ လူဦးရေချင်း၊ စီးပွားအခွင့်အလမ်းချင်း မတူညီတဲ့ဒေသတွေကို ဖက်ဒရယ်စစ်စစ် ပြည်ထောင်စုဆိုတဲ့ ခေါင်းစဉ်တပ်ပြီး သွေးခွဲလိုကြပြန်တယ်။ ဒါဟာ **အမျိုးသားရေးအကျိုးစီးပွားထက် ပါတီနိုင်ငံရေးအကျိုးစီးပွားကို ဦးစားပေးတဲ့ အတွေးအခေါ်ဖြစ်တာကြောင့် နိုင်ငံတော်အတွက် အန္တရာယ်ရှိကြောင်း ပြောကြားလိုတယ်။** အမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ်ကြီးများဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ပြီး အမြော်အမြင်ကြီးမားစွာနဲ့ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်နှီးနှောလျက်ရှိကြတယ်။ ယခင်က အခွင့်အရေးမရခဲ့တဲ့ လူနည်းစုမျိုးနွယ်တွေအတွက်ပင် အတတ်နိုင်ဆုံး အခွင့်အရေးတွေ ဖွင့်ပေးနေကြောင်းလဲတွေ့ရတယ်။ ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တာကြောင့် အမျိုးသားညီလာခံမှာ ချမှတ်လျက်ရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အသေးစိတ်အခြေခံရမယ့်မူတွေကို ကျေကျေညက်ညက်ဖြစ်အောင်လေ့လာကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးအနေနဲ့ပြောကြားရရင် တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသောအရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန် ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြဖို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ဒို့တာဝန်အရေးသုံးပါးကို ရှေ့တန်းတင်

❒ **ယခုအခါမှာ အမျိုးသားညီလာခံကြီးကိုကျင်းပပြီး ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် အသေးစိတ် အခြေခံရမယ့်မူများကို ချမှတ်လျက်ရှိရာမှာ တိုင်းရင်းသားကိုယ်စားလှယ်များဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစတဲ့ ဒို့တာဝန်အရေးသုံးပါးကို ရှေ့တန်းတင်ပြီး နှီးနှောတိုင်ပင်ဆွေးနွေးလျက်ရှိကြတယ်။**

ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ **Spas na Krovi Museum Church** တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် ထွန်းထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanov လိုက်ပါလျက် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ State Hermitage Museum နှင့် Spas na Krovi Museum Church တို့ကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စိန့်ပီတာစဘတ်မြို့ရှိ State Hermitage Museum သို့ရောက်ရှိကြရာ Hermitage Main Art Gallery of Russia မှ ညွှန်ကြားရေးမှူး Mr. Ryotrovoky နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှား အင်ပါယာ၏ ရှေးဟောင်းပစ္စည်းများ စုဆောင်းပြသထားသော ပြတိုက်ရှိ ရှေးဟောင်းပစ္စည်းများနှင့်လက်ရာများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အသေးစိတ် လိုက်လံ ရှင်းလင်းပြသကြသည်။

အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် State Hermitage Museum ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ညွှန်ကြားရေးမှူး Mr. Ryotrovoky တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စိန့်ပီတာစဘတ်မြို့ရှိ Spas na Krovi Museum Church သို့ရောက်ရှိကြရာ Spas na Krovi Museum Church မှ ညွှန်ကြားရေးမှူး Mrs. Zelenc-henko နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ၁၈ ရာစုအလယ်တွင် ရုရှားဘုရင် ဒုတိယအလက်ဇန္ဒြား ကျဆုံးခဲ့သောနေရာ၌ ဝမ်းနည်းကြေကွဲဖွယ်အဖြစ် တည်ဆောက်ထားသော ရုရှားဘုရင် ရှိခိုးကျောင်း(Church)ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် စိန့်ပီတာစဘတ်မြို့ရှိ Hotel Astoria သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်နိုင်ငံကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌအားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bing နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်တော် ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Guan Mu လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး ပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bing အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး ပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bing အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်သစ်ကိုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၆၄)ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

တက္ကသိုလ်မောင်မောင်ခင်၊ မြင်းမူမောင်နိုင်မိုး၊ မဟူရာစောလွင် (ပခုက္ကူ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ လှည်းတန်းလမ်းကိုတင့်၊ ဝင်းဝေနောင်၊ အသုတ်မောင်ဝင်းရောင်၊ ပြင်စည်အောင် (ခရာတော)၊ ဒွေးကြည်၊ မွှေးငယ်ငယ်၊ မိုးပန်းမွန်(ရာမည)၊ ညိုသန်းငွေ(အိုရင်း)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ မကြန်၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ပခုက္ကူ ဦးအုံးဖေ၊ လယ်တွင်းသားစောချစ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စိုးမြင့်ငြိမ်း၊ ချောင်းဦးမောင်စန္ဒာ၊ သန်းဝင်းရှိန်၊ ကိုသက်(ဇီးကုန်း)၊ မောင်ကျော်ဟိုး(မဟာဝိဇ္ဇာ)၊ မောင်လေ့လာ(ဖောင်းပြင်)၊ သိပ္ပံစိုးမြင့်နိုင်၊ မင်းဗထူး၊ ဒွေးလွင်(ဆားလင်းကြီး)၊ မောင်နှစ်သိမ့် (တောင်ကုတ်)၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း၊ စောယင်ယင်(မိုးညှင်း)၊ ကော့မှူးမြကြိုင်၊ မြတ်လေးမြင့်တို့၏ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကို(တက္ကသိုလ်)၊ မောင်မိုးစွေ(မြင်းခြံ)၊ ရွှေသဥ္ဇာ၊ ခင်ကြူကြူတင်၊ သက်သက်သင်း(ပညာရေး)၊ ဇင်မင်း(သမိန်ထော)တို့၏ဝတ္ထုတိုဝတ္ထုရှည်၊ ပြဇာတ်နှင့် ကာတွန်းများအပြင်၊ ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍစုံလင်စွာတင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလှည့်လည်ပတ်ခဲ့ပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဧပြီ ၆ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Hotel Astoria မှမော်တော်ယာဉ်များဖြင့် စိန့်ပီတာစဘတ်မြို့ Pulkovo-I Airport Zone A သို့ ရောက်ရှိကြသည်။

ဂါရဝပြုပို့ဆောင်နှုတ်ဆက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. M.E Oseevsky ၊ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Pulkovo-I Airport Zone A လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr.M.E. Oseevsky က ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဗလာဒီမာမူဆိုရင်နှင့် မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာနတွင် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီဖြစ်သော JSC ဇာရုဘာရေးနက်ဖ်၏ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay P. Tokarev လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား ဒုတိယလေတပ်ဦးစီးချုပ် Col, Gen, Nogovitsin နှင့် ရုရှား လေတပ်ဦးစီးချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများကလည်း လေဆိပ်တွင် ဂါရဝပြု ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် စိန့်ပီတာစဘတ်မြို့မှ ဒေသစံတော်ချိန် ည ၁၀ နာရီ ၂၅ မိနစ်တွင် ထွက်ခွာခဲ့ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်သို့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာနသို့ သွားရောက်၍ ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဗလာဒီမာမူဆိုရင်အား တွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရေတပ်အကြီးအကဲများနှင့် အဆင့်အသီးသီး၊ နှစ်နိုင်ငံ စစ်ရေယာဉ်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်သွားရန်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်း၊ ရုရှားရေတပ်မှ ဗိုလ်ချုပ်ကြီးအင်ဒရင်းကိုဗရာဒင်နှင့် ဗိုလ်မှူးကြီးပေထရော့(ဗ်)၊ ရုရှားကြည်းတပ်မှ ဗိုလ်မှူးကြီးယူရှန်ကိုတို့ တက်ရောက်ကြသည်။

ကြိုဆို

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြည်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနမှူး ဗိုလ်မှူးချုပ်သိန်းဌေး၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိန်ဝင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် တပ်မတော်စစ်တက္ကသိုလ်မှ ဌာနမှူး ဒုတိယဗိုလ်မှူးကြီးသောင်းရွှေတို့နှင့်အတူ ဧပြီ ၆ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Northern Design Bureau (သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်)သို့ ရောက်ရှိကြရာ FSUE 'Severnoye D.B'ညွှန်ကြားရေးမှူး Mr. Yarov Yury Fedorovich နှင့် အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Pulkovo-I Airport Zone A လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် ညွှန်ကြားရေးမှူး Mr. Yarov Yury Fedorovich နှင့် အဆင့်မြင့်အရာရှိကြီးများက Severnoye Design Bureau၌ တည်ဆောက်နိုင်သည့် သင်္ဘောအမျိုးအစားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းတို့အနေဖြင့် နိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်သည့် အခြေအနေများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အဖွဲ့ဝင်များသည် Northern Design Bureau အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITERA Oil and Gas Company မှ ဒုတိယဥက္ကဋ္ဌ Mr. Dmitry S. Sokovetsလာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sergey Viktorovich Lavrov နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းသည် ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ရုရှားလေတပ်ဦးစီးချုပ်ရုံးသို့ သွားရောက်၍ ရုရှား ဒုတိယလေတပ်ဦးစီးချုပ် Col;Gen, Nogovitsin အား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်(လေ)ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနမှူး ဗိုလ်မှူးချုပ်သိန်းဌေး၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် သိပ္ပံနှင့်နည်းပညာသုတေသနဌာန ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိန်ဝင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Main Department for International Military Cooperation မှ Col. Scripni Rov နှင့် Chief of Branch, Col. Emelyanenko တို့ တက်ရောက်ကြသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်း၊ တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိန်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနမှူး ဗိုလ်မှူးချုပ်သိန်းဌေးနှင့် တပ်မတော်စစ်တက္ကသိုလ်မှ ဌာနမှူး ဒုတိယဗိုလ်မှူးကြီးသောင်းရွှေတို့လိုက်ပါလျက် ဧပြီ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရုရှားဖက်ဒရေးနိုင်ငံ Zhukovsky မြို့ရှိ A.V. Fedotov Flight-Test Centre သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ Russia Aircraft Cooperation မှ Deputy Director-General and General Designer of Flight Cooperation, Mr. Pavel N. Vlasov နှင့် တာဝန်ရှိသူများက စက်ရုံမှထုတ်လုပ်သည့် လေယာဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လိုက်လံကြည့်ရှုလေ့လာကြသည်။

တွေ့ဆုံ

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sergey Viktorovich Lavrov အား တွေ့ဆုံသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

● **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ်ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်ချုပ်အေးမြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်း၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၉)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၆၃) ဗိုလ်လောင်းမင်းစိုးထွန်းအား ငွေဓားဆုချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မိန့်ကြားသည့် မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

ချီတက်အလေးပြု

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအားစစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက် အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ငွေဓားဆုချီးမြှင့်

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၉) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း မင်းစိုးထွန်းအား ငွေဓားဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ်
နှောင်းတန်ခူးလဆန်း ၁၄ ရက်
(အဖိတ်နေ့)
၁၁–၄–၂၀၀၆ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၈။	ခါသကြိ်န်အဆိုအကများ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၀၀	၅။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၁၀	၆။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
၁၇:၁၅	၇။	ခါသကြိ်န်အဆိုအကများ
၁၇:၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	ခါသကြိ်န်အဆိုအကများ
၁၈:၅၀	၁၂။	ရေလှောင်တမံရဲနွှယ်
၁၉:၀၅	၁၃။	ခါသကြိ်န်အဆိုအကများ
၁၉:၁၅	၁၄။	နိုင်ငံခြားဓာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း–၄)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဓာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း–၆)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

၂၀၀၆ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း ကျောက်မျက် အထူးရောင်းချပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၁၀

သတ္တုတွင်းဝန်ကြီးဌာနနှင့်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ၂၀၀၆ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ၂၀၀၆ခုနှစ် ဇွန်/ဇူလိုင်လတွင်ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် သင့်လျော်မည့်အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက် ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများတိုးတက်ရရှိမည်ဖြစ်သည်။ ထို့အပြင် ရတနာကုန်သည်များအနေဖြင့် အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာများကိုဝယ်ယူမှုများသဖြင့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအနေဖြင့် ယခင်ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ Export Earning အဖြစ်သတ်မှတ်ရေးနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ယင်းအပြင်ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ သို့ပြည်တွင်း/ပြည်ပမှ ရတနာကုန်သည်များ တက်ရောက်စေရန်၊ ပြည်တွင်းပြည်ပမှသက်ဆိုင်ရာဌာနများ၊ပြည်တွင်းရတနာကုန်သည်ကြီးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဇွန်/ဇူလိုင်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင်နိုင်ငံသားများက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၆ခုနှစ် ဧပြီလ ၁၈ရက်မှ မေလ ၁၈ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများဆောင်ရွက်မည်ဖြစ်၍ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

တပ်မတော်အရာရှိကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဗထူးတပ်မြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက်ဗထူးတပ်မြို့တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းဝင်းအတွင်းနှင့် ဗထူးတပ်နယ်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိန်တလုံးသရက် စိုက်ခင်းများ အခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၊ ပျိုးခင်းများအခြေအနေ၊ ဗထူးမြို့၏ဖွံ့ဖြိုးမှု အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာဗထူးတပ်နယ်မှူးဗိုလ်မှူးချုပ်ဇော်ဝင်းက လိုက်လံရှင်းလင်းပြသသည်။

စီးပွားဖြစ်စိုက်ပျိုး

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗထူးတပ်နယ်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးနိုင်သမျှ တိုးချဲ့ စိုက်ပျိုးရေး၊ နိုင်ငံခြားဝင်ငွေရရှိသော နှစ်ရှည်သီးနှံပင်များကို စီးပွားဖြစ်တိုးတက်စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ဗထူးတပ်နယ်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို ၈၇၂၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်တွင် ၈၁၀၀၀ ခန့် စိုက်ပျိုးထားပြီးဖြစ်သည်။ ထို့ပြင်ဝင်ငွေရရှိသောစိန်တလုံး သရက်ပင်ပေါင်း၃၀၀၀စိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရုရှားဖက်ဒရေးရှင်း စိန့်ပီတာစဘတ်မြို့မှ ကုန်သည်ကြီးများတွေ့ဆုံ ကုန်သည်ကြီးများ နှစ်ဖက်အကျိုးတူကိစ္စရပ်များ ဆွေးနွေး

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ကုန်သည်ကြီးများ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၅ ရက် ဒေသစံတော်ချိန် ညနေနာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Hotel Astoria ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးတေဇ၊ ဦးထွန်းမြင့်နိုင်၊ ဦးစိုးထွန်းရှိန်နှင့် ဦးစံမျိုး၊ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. M.E. Oseevsky နှင့် စိန့်ပီတာစဘတ်မြို့မှ ကုန်သည်ကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က မိတ်ဆက်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်ငန်းနှင့် သားငါးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေများကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကုန်သွယ်မှုလုပ်ငန်းများနှင့် ကုန်စည်ပြပွဲများကျင်းပနိုင်ရန်အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးတေဇက ခရီးသွားလုပ်ငန်းနှင့် ရွှေတူးဖော်ရှာဖွေရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဦးစံမျိုးက ကျောက်မျက်ရတနာရောင်းဝယ်မှုအခြေအနေနှင့် ရတနာပြပွဲသို့လာရောက်ရန် ကိစ္စတို့ကိုလည်းကောင်း၊ ဦးထွန်းမြင့်နိုင်က ဆောက်လုပ်ရေးနှင့်ရေကြောင်း ကုန်တင်ကုန်ချဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဦးစိုးထွန်းရှိန်က ရေထွက်ပစ္စည်းတင်ပို့ရောင်းချမှုပမာဏနှင့် ရောင်းချသည့် နိုင်ငံများ အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် စိန့်ပီတာစဘတ်မြို့မှ ကုန်သည်ကြီးများသည် နှစ်ဖက်အကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်နယ်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိန်တလုံးသရက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အကြား သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၄ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Ilinka St.6 ၌ ကျင်းပသည်။ (အောက်ပုံ)

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ကုန်သည်ကြီးများတွေ့ဆုံဆွေးနွေးပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Hotel Astoria ၌ ကျင်းပစဉ်။(သတင်းစဉ်)

လက်မှတ်ရေးထိုးပွဲတက်ရောက်

သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးတေဇ၊ ဦးထွန်းမြင့်နိုင်၊ ဦးစိုးထွန်းရှိန်၊ဦးစံမျိုးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Georgy G. Petrov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ရှေးဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ Mr. Georgy G.Petrov က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပတ်သက်သည့်သိကောင်းစရာများကိုလည်းကောင်းရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ နှစ်နိုင်ငံမှကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင်များ၊ လုပ်ငန်းရှင်များတွေ့ဆုံ၍ စီးပွားရေးဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုဆွေးနွေးကြပြီး ၎င်းတို့သိရှိလိုသည့် မေးမြန်းချက်များကို ဝန်ကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

အပြန်အလှန်လဲလှယ်

ထို့နောက် သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကိုကျင်းပရာပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(CCIRF)တို့အကြား ချုပ်ဆိုသော ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှု စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Mr.Georgy G.Petrov တို့ကလက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန် လဲလှယ်ကြကာ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစိန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian Women's Union ဥက္ကဋ္ဌအား တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစိန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ဇနီး ဒေါ်မြင့်မြင့်စိုးတို့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၏ဇနီးဒေါ်မြင့်မြင့်သိန်းနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ Ms. Y.V. Kabanovaတို့လိုက်ပါလျက် ဧပြီ ၃ ရက် ဒေသစံတော်ချိန် နံနက်၁၁နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Russian Women's Union သို့ သွားရောက်၍ Russian Women's Union ဥက္ကဋ္ဌ Ms.Y.A. Lahova အား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံရာတွင် Russian Women's Union ဥက္ကဋ္ဌ Ms.Y.A. Lahova က Russian Women's Union နှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဒေါ်မြမြစိန်းကလည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစိန်းနှင့် Russian Women's Union ဥက္ကဋ္ဌ Ms. Y.A. Lahova တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒေါ်မြမြစိန်းနှင့် အဖွဲ့ဝင်များသည် Russian Women's Union ၏ ဆောင်ရွက်ချက်များကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒေါ်မြမြစိန်းနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ Vorobyou Hill သို့ သွားရောက်၍ ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစိန်းနှင့် အဖွဲ့ဝင်များ Russian Women's Union ဥက္ကဋ္ဌ Ms. Y.A.°°Lahova နှင့် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

သွားရောက်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစိန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် Russian Women's Union ဥက္ကဋ္ဌ Ms. Y.A.°°Lahovaအား သွားရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးအယ်လ်ဇော်ဂွန်းတို့ တက်ရောက်ကြသည်။

စွမ်းအင်ဆိုင်ရာကိစ္စရပ်များဆွေးနွေး

ထို့အပြင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီဖြစ်သော (JSC Zarubezhnet) ဇာရုဘရေးနာက်၏ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay P. Tokarev အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ခေတ္တတည်းခိုနေသည့် President Hotelရှိ ဝန်ကြီး၏ ညှိခန်းတွင် လက်ခံတွေ့ဆုံပြီး စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးသည် (Zarubezhneft) ဇာရုဘရေးနက်ဖ် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီရုံးချုပ်သို့ သွားရောက် ကြည့်ရှုလေ့လာသည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ခေတ္တတည်းခိုနေသည့် President Hotel ရှိ ဝန်ကြီး၏ ညှိခန်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITERA Oil and Gas Company မှ ဒုတိယဥက္ကဋ္ဌ Mr. Dmitry S. Sokovets အား လက်ခံတွေ့ဆုံပြီး စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မော်စကိုမြို့ရှိ ITERA Oil and Gas Company သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပို့ချ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော စည်းရုံးရေးအခြေခံသင်တန်းသား ၁၀၀ကျော်အား အမျိုးသားရေးမူဝါဒ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ဟောပြောပို့ချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌတွေ့ဆုံ

ရန်ကုန် ဧပြီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bingခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် မဟာပညာ ဒီပဗိမာန်နှင့် မရမ်းကုန်းမြို့နယ် ကမ္ဘာ့ဗုဒ္ဓဝိပဿနာ ဗိမာန်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော မိုးကုတ်ဝိပဿနာ တရားပြ ကမ္မဋ္ဌာနာ စရိယဘဒ္ဒန္တ တေဇောဘာသနှင့် ကြံခင်းမြို့ ဓမ္မကထိက ဦးတင်အေးတို့က ဧပြီ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)မှ၁၇ရက် (တနင်္လာနေ့)အထိ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်း ဒေသနာနှင့် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက် တရားများ ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဝင်ရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အလေးအနက်ထားဆောင်ရွက် ဒေသဝမ်းစာပိုလျှံအောင် မိုးစပါး၊ နွေစပါးများ တိုးချဲ့စိုက်ပျိုး

ရန်ကုန် ဧပြီ ၁၀

ဟုမ္မလင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များလိုက်ပါလျက် ဧပြီ ၆ ရက် ညနေပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုး တိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဟုမ္မလင်းမြို့နယ် ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်တွင် ကြက်ဆူပင်မျိုးစေ့များ ပျိုးထောင်စိုက်ပျိုး ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်ညပိုင်းတွင် ဟုမ္မလင်းမြို့နယ် ခန်းမ၌ ခန္တီးခရိုင်နှင့် ဟုမ္မလင်းမြို့နယ် တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ ဝင်များ၊ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူ များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စ များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန် ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြသည်။ ထို့နောက် ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဉာဏ်က ခန္တီးခရိုင်အတွင်း လုပ်ငန်းလိုအပ်ချက်များ၊ ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့်ကြက်ဆူမျိုးစုဆောင်း ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေး က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ကြရန်နှင့် ဒေသဝမ်းစာ ဖူလုံနေမှုကို တင်းတိမ်မနေဘဲ ဒေသ ဝမ်းစာပိုလျှံအောင် မိုးစပါး၊ နွေစပါး များကို တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ထို့အပြင် ရော်ဘာကို အောင်မြင် အောင် အလေးထား စိုက်ပျိုးရန်လို ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်ကို လည်း ပီပီပြင်ပြင် ကြိုးပမ်း စိုက်ပျိုး ရန် လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တပ်နယ်ခန်းမ၌ တပ်နယ် အတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုင်းဝန်းဆောင်ရွက် ရေး၊ တပ်တွင်း စိုက်ပျိုးရေးနှင့် မွေးမြူ ရေးကို စံနမူနာပြဖြစ်အောင် ဆောင် ရွက်ရေး၊ ရော်ဘာနှင့် ကြက်ဆူပင် စိုက်ပျိုးရေးကို အလေးထားဆောင် ရွက်ရေး မှာကြားပြီး မိသားစုဝင်များ အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင် များသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါ လျက် ဟုမ္မလင်းပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံ ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစောဝင်းတို့က ဆေးရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများ ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ကို မှာကြားကာ ဆေးရုံတည်ဆောက် ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်း မြို့နယ် ခြံစည်းရိုး ကြက်ဆူပင် ပျိုး ဥယျာဉ်သို့ ရောက်ရှိကြရာ ဟုမ္မလင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ကြက်ဆူပင် ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ကြက်ဆူပင် မျိုးစေ့များကို ပျိုးပေးပြီး ဌာနဆိုင်ရာများ၏ ကြက်ဆူပင်မျိုးစေ့ စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်း မြို့အဝင် ငါးမိုင်ကျေးရွာ မြသရဖူ အဆင့်မြင့် ရော်ဘာခြံသို့ ရောက်ရှိ ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့် ကြည်က ရော်ဘာပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပျိုးဥယျာဉ်အတွင်း ပျိုး ထောင်ထားရှိသော ပျိုးပင်များနှင့် ကိုင်းကူးဆောင်ရွက်ပြီးသော ပျိုးပင် များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဟုမ္မလင်း တပ်နယ် ကြက်ဆူစိုက်ပျိုး ပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက် ဆူပင် စိုက်ပျိုးပေးကာ ခြံစည်းရိုး ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေး သည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်ရက်များအတွင်း အရေးကြီးနယ်မြေများ ၂၄နာရီရေပေးထားမည်

ရန်ကုန် ဧပြီ ၁၀

၁၃၆၇ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံ ကြီးနှင့် အရေးကြီးနယ်မြေများတွင် ၂၄နာရီ ရေပေးထားမည်ဖြစ်ပြီး သင်္ကြန်အကျနေ့ ဧပြီ၁၄ ရက်၊ အကြတ်နေ့ ဧပြီ၁၅ ရက်နှင့် အကြိန် အတက်နေ့ ဧပြီ၁၆ ရက်တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင် နှင့် ပုဇွန်တောင်မြို့နယ်တို့၌ ၂၄ နာရီ ရေပေးဝေထားမည်ဖြစ်သည်။

ဆက်လက်ပေးဝေမည်

ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာနှင့် ဗဟန်း မြို့နယ်များတွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့ နယ်တို့တွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ပေးဝေသွား မည်ဖြစ်သည်။ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်းနှင့် သာကေတမြို့နယ်တို့တွင် မူလရေပေး ဝေချိန်အတိုင်း ဆက်လက်ပေးဝေသွားမည်ဖြစ်ကာ ၁၃၆၈ ခုနှစ် မြန်မာ နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)မှစ၍ မြို့နယ် အားလုံးကို မူလပုံမှန် ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ရေပေးဝေချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန် ချထားသည့် အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဝန်ထမ်းများထံ ဆက်သွယ် အကူအညီတောင်းခံနိုင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှု တယ်လီဖုန်းအမှတ်- ၂၄၉၆၅၅၊ ၃၈၂၉၉၀ နှင့် ၆၆၀၃၄၀ တို့သို့ ဆက်သွယ် အကူအညီတောင်းခံ နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်တွင် စေတနာသွေးလှူရှင်များ သွေးလှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၀

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော်၅ ရက် (ဧပြီ ၁၇ ရက်) တွင် ကျရောက်သော မြန်မာနှစ်သစ်ကူး (နှစ်ဆန်းတစ်ရက်)တွင် စေတနာ သွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးရှိ အမျိုးသားသွေး(ဌာန) (ဗဟိုအမျိုးသားသွေးလှူဘဏ်)ကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်၍ စေတနာ သွေးလှူရှင်များ စိတ်ချမ်းမြေ့စွာ သွေးလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အခြေခံပန်းအလှပြုပြင်မှုသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ချုပ်က ကြီးမှူးကျင်းပသော အခြေခံ ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်း အနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက် ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင် များ၊ သင်တန်းဆရာများနှင့် သင်တန်း သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင် သက်ဌေးက သင်တန်းဆင်းအမှာ စကားပြောကြားသည်။

ထို့နောက် အခြေခံပန်းအလှပြုပြင် မှုသင်တန်းတွင် ဆုရရှိကြသူများအား ဒုတိယဥက္ကဋ္ဌနှင့် စီမံရေးရာဌာနကြီးမှူး တို့က ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်တို့က သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက သင်တန်းဆရာများအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး သင်တန်း ဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ **(သတင်းစဉ်)**

ကွမ်ရှီးပြည်နယ်မှ မြန်မာနိုင်ငံသို့ ယာဉ်နှင့်စက်ယန္တရားများလှူဒါန်း ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ယာဉ်နှင့်စက်ယန္တရားများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အမှာ စကားပြောကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ် ကြီး H.E. Mr. Guan Mu နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bing က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာ စကားပြောကြားသည်။

စာချွန်လွှာပေးအပ်

ဆက်လက်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်မှ ပြည် ထောင်စုမြန်မာနိုင်ငံတော်သို့ ယာဉ်နှင့် စက်ယန္တရားများလှူဒါန်းခြင်းအထိမ်း အမှတ် ခရစ္စတယ်သော့ကို ကွမ်ရှီး ပြည်နယ် ကူးသန်းရောင်းဝယ်ရေး ဌာန ညွှန်ကြားရေးမှူးချုပ် Mr. Liu Shusen က ပေးအပ်ရာ ကုန်သွယ် ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးခင်မောင်လေးက လက်ခံ ပြီး လက်ခံရရှိကြောင်းစာချွန်လွှာကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အဖွဲ့ဝင် များသည် လှူဒါန်းသောယာဉ်နှင့် စက် ယန္တရားများကို ကြည့်ရှုကြသည်။

ကွမ်ရှီးပြည်နယ်မှ လှူဒါန်းသော ယာဉ်နှင့်စက်ယန္တရားများမှာ မြေတူး စက်နှစ်စီး၊ ခရီးသည်တင်ယာဉ်ကိုးစီး၊ လယ်ထွန်စက် ၁၅ စီးနှင့် Dong Feng ဗင်မော်တော်ယာဉ် ခုနစ်စီးတို့ ဖြစ် ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်မှ ပြည်ထောင်စုမြန်မာ နိုင်ငံတော်သို့ လှူဒါန်းသည့် ခရီးသည်တင်ယာဉ်၊ လယ်ထွန်စက်နှင့် ဗင်မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လဲချားတပ်နယ်ခန်းမတွင် မိုင်းနောင်တပ်နယ်နှင့် လဲချားတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်ကို လျာထားချက်နှင့်အညီ အပြည့်အဝစိုက်ပျိုး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ ဧပြီ ၇ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျိုင်းတုံတပ်နယ်နှင့် မိုင်းခွန်တပ်နယ်တို့မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် မြို့နယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြည်နယ်၏ တည်နေရာ၊အကျယ်အဝန်း၊ ရာသီဥတုနှင့် မြေအသုံးချမှုအခြေအနေတို့ကို တင်ပြပြီး စိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးမြေ ၃၆၇၆၇၅ ဧကရှိသည့်အနက် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါး စိုက်ပျိုးမှုမှာ လယ် ၁၅၅၅၅၃ ဧက၊ ယာ ၇၁၁၃၂ ဧက၊ ကုန်းမြင့်လယ်ယာ ၆၇၆၈၆ ဧက စုစုပေါင်း ၂၉၄၃၇၁ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါး စိုက်ပျိုးရာ၌ စိုက်ဧက ၁၅၀၀၀ တွင် ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေး လျာထား၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၆၀၃၃ ဧက၌ တင်း ၁၀၀ အထက် ထွက်ရှိခဲ့ကြောင်း။

စိုက်ပျိုးဆောင်ရွက်

နွေစပါးစိုက်ပျိုးမှု၌ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ပြည်နယ်အတွင်း ၂၆၁၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်တွင် နွေစပါးဧက ၅၀၀၀ ၌ ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ အထက် ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဝမ်းစာဖူလုံပိုလျှံမှုရှိပြီး နိုင်ငံတော်က သတ်မှတ်ထားသည့်စပါးစိုက်ဧက လေးသိန်းပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်ရှည်သီးနှံဖြစ်သည့် စက်မှုကုန်ကြမ်းရော်ဘာကို ၂၀၀၅–၂၀၀၆ ခုနှစ်အထိ မြို့နယ်များတွင် ၇၃၆၃ ဧက၊ အထူး ဒေသများတွင် ၄၃၂၈၃ ဧက၊ စိုက်ပျိုးထားမှုအခြေအနေ၊ လာမည့် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း စုစုပေါင်းရော်ဘာဧက တစ်သိန်း ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်၊ ကျိုင်းတုံ–တာချီလိတ် ကားလမ်းမကြီးတစ်လျှောက် လမ်းဘေးကိုက် ၁၀၀၀ အတွင်း ရော်ဘာပင် စုစုပေါင်း ၁၆၆၀ ဧကနှင့်နေကြာများ စိုက်ပျိုးသွားမည့် အစီအမံများ၊ ခြံစည်းရိုးကြက်ဆူပင်ကို သုံးနှစ်အတွင်း ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် စိုက်ပျိုးရေးကဏ္ဍ အပါအဝင် နယ်မြေဒေသ အသီးသီးတို့ ဖွံ့ဖြိုးတိုးတက်အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်ကို မိမိခရီးစဉ်တစ်လျှောက် တွေ့မြင်ခဲ့ရသည့်အတွက် များစွာ နှစ်ထောင်း အားရဖြစ်မိကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများ ရရှိခြင်းသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်တိကျသော မူဝါဒလုပ်ငန်းစဉ်များကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၏ ကြီးကြပ်လမ်းညွှန်မှု၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲညီညီ အားသွန်ခွန်စိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုတို့၏ အကျိုးရလဒ်ကောင်းပင်ဖြစ်၍ ဝမ်းမြောက် ဂုဏ်ယူကြရမည် ဖြစ်ကြောင်း၊ ယင်းတိုးတက်အောင်မြင်မှုများ အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းမြှင့်တင်သွားကြရန် မှာကြားလိုကြောင်း။

လက်တွေ့ကျကျခံစား

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောလာသည်နှင့်အမျှ အလုပ်လုပ်လျှင် လုပ်သမျှ အကျိုးခံစားကြရသည်ကို ဌာနဆိုင်ရာများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွေ့ကျကျ ခံစားကြရပြီ ဖြစ်ကြောင်း။

ဤသည်မှာ မိမိတို့တပ်မတော်အစိုးရ၏ မွန်မြတ်သော စေတနာအမှန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်းက တာဝန်ကျေသကဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

ပြည်နယ်အတွင်း လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစု ပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည့် ကျိုင်းတုံဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးထားပြီဖြစ်ရာ အသိပညာ၊ အတတ်ပညာ၊ အင်ဂျင်နီယာပညာ၊ ကွန်ပျူတာပညာရပ်များ ထူးချွန်ထက်မြက်သော ဒေသခံ တိုင်းရင်းသားပညာရှင်များပေါ်ထွန်းလာရေးအတွက်သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

ဒေသဝမ်းစာဖူလုံရေး၊ နွေစပါး၊ မိုးစပါးများ တိုးချဲ့စိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းနှစ်ရှည်သီးနှံ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး ခြံစည်းရိုးကြက်ဆူပင်များကို လျာထားသတ်မှတ်ချက်နှင့်အညီ ပြည်နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြရေးကို မှာကြားလိုကြောင်း၊ ထို့ပြင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို ခေတ်မီနည်းစနစ်ဖြင့် သိပ္ပံနည်းကျ စနစ်တကျစိုက်ပျိုးထုတ်လုပ်သွားရေးအတွက် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းရှင်များအနေဖြင့် မွန်ပြည်နယ်သို့ သွားရောက်လေ့လာဆည်းပူးနိုင်ရန် စီမံဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတို့ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများပြည့်မြောက်အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့်ဒေသခံတိုင်းရင်းသား ပြည်သူများ လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်းတိုးချဲ့ ဆောင်ရွက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် လေယာဉ်ကွင်း အထူးအဖွဲ့(၁) အင်ဂျင်နီယာမှူးကြီး ဦးသိန်းဇော်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ မူလလေယာဉ်ပြေးလမ်း အရှည်ပေ ၄၇၀၀၊ အကျယ်ပေ ၇၀၊ အထူ ၁၂ လက်မရှိသည်။ ကျောက်ကတ္တရာလမ်းကို အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀ နှင့် အထူ ၂၂ လက်မ ပြည့်သည်အထိ ကတ္တရာကွန်ကရစ်ပြေးလမ်းအဖြစ် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ပုံစံကားချပ်များဖြင့် ဆက်လက် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်းမြို့သို့ ရဟတ်ယာဉ်ဖြင့် ဆက်လက် ထွက်ခွာ၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကာ မိုင်းပျဉ်းမြို့သို့ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့သည် မိုင်းပျဉ်းမြို့၌ မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့ရှိ နမ့်ပင်းခန်းမ၌ မိုင်းဆတ်ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မိုင်းပျဉ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက မြို့နယ်အတွင်း လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မိမိဇာတိသဖွယ်သဘောထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး ဒေသဝမ်းစာ ဖူလုံရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို တိုးချဲ့စိုက်ပျိုးကြရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို လျာထားသတ်မှတ်ချက်နှင့်အညီ အပြည့်အဝစိုက်ပျိုးကြရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိဇာတိဒေသသဖွယ် သဘောထားပြီး စေတနာအပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

မိုင်းပျဉ်းမြို့နယ်တွင် ၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါးလယ် ၇၅၄၈ ဧက၊ ယာ ၁၈၁၉ ဧက၊ တောင်ယာ ၈၉၄၀ ဧက စုစုပေါင်း ၁၈၃၀၇ ဧကနှင့် နွေစပါး ၇၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ခြံစည်းရိုးကြက်ဆူပင်ကို ၁၄၁ ဒသမ ၉၂ ဧက စိုက်ပျိုးထားပြီးဖြစ်၍ ပျိုးထောင်ပြီး မျိုးကိုင်း ၁၆၈ ဒသမ ၈၈ ဧကရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လဲချားဒေသစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ် သောင်းအေးနှင့် တပ်မတော် အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ် သောင်းအေးနှင့်တပ်မတော်အရာရှိကြီးများသည် မိုင်းနောင်တပ်နယ်နှင့် လဲချားတပ်နယ်တို့မှ အရာရှိ၊စစ်သည်၊ မိသားစုဝင်များအား လဲချားတပ်နယ်ခန်းမ၌ တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တွေ့ဆုံအမှာစကားပြောကြားကာ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြၤန်

- **အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။**
- **သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြၤန်ဖြင့် မြှင့်တင်ပါ။**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	–	ထောင်(၁)နှစ်
၂။	ကစားသူ	–	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	–	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ မူးယစ်သောက်စားပါက အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာ စစ်ဆေးအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မန်ယူတို့ ပြိုင်ဘက်အာဆင်နယ်ကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၃၃)၌ မန်ယူတို့ ပြိုင်ဘက် အာဆင်နယ်ကို အိုးထရက်ဖို့ဒ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ရာ ယခုနှစ် အိုးထရက်ဖို့ဒ်ကွင်းတွင် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ မန်ယူကို မည်သို့မျှ အနိုင်မယူနိုင်ဘဲ ဖြစ်ခဲ့ရပြီဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၃)အဖြစ် မန်ယူနှင့် အာဆင်နယ်တို့ပွဲတွင် မန်ယူ တိုက်စစ်မှူးရွန်နေ အဖွင့်ဂိုးကို ဤသို့ကန်သွင်းခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

မန်ယူတို့ ချယ်လ်ဆီးနှင့် အာဆင်နယ်ကို အနိုင်ရရှိခဲ့ခြင်းမှာ မန်ယူ၏ ခြေစွမ်း ထိပ်တန်းအဆင့်ရှိနေကြောင်း ပြိုင်ဘက်အသင်းများကို ပြသလိုက်ခြင်းလည်း ဖြစ်ခဲ့သည်။

မန်ယူနှင့် အာဆင်နယ်

ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်တို့တွင် ခြေစွမ်းပြန်ပြလာသော အာဆင်နယ်တို့ မန်ယူ၏ အိုးထရက်ဖို့ဒ်၌ အရှုံးကြီးရှုံးခဲ့ရပြီဖြစ်သည်။ ယခုနောက်ပိုင်း ပွဲစဉ်များတွင် နိုင်ပွဲ ဆက်နေသော အာဆင်နယ်သည် ပြိုင်ဘက်မန်ယူကို အနိုင်ကစားရန် ဗင်ပါစီ၊ အီမြူရယ်၊ ပီရက်စ်တို့ ဦးဆောင်သော တိုက်စစ်တွဲအသစ်ဖြင့် ပွဲထုတ်ကစားခဲ့သည်။

အဖွင့်ဂိုးစတင်

အွန်နရီမပါသော အာဆင်နယ် တိုက်စစ်သည် ထက်မြက်မှုမရှိဘဲဖြစ်ရာ အာဆင်နယ်ကို အနိုင်ယူရန် စနစ်တကျပြင်ဆင်ထားသည့် မန်ယူ၏ တိုက်စစ်ကို မည်သို့မျှ မယှဉ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ မန်ယူတိုက်စစ်တွင် နစ္စတယ်ရှိုင်း၊ ရွန်နေ၊ ပတ်ဂျီဆန်ဂစ်နှင့် စီရိုနယ်လ်ဒိုတို့က နားလည်မှုရှိရှိဖြင့် ထိုးဖောက် တိုက်စစ်ဆင်ခဲ့ရာ ၅၄ မိနစ်တွင် အာဆင်နယ် ပယ်နယ်တီ ဧရိယာအတွင်းမှ ရွန်နေက ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူလိုက်သဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။

ဒုတိယဂိုးရရှိ

အဖွင့်ဂိုးပေးလိုက်ရသဖြင့်၆၉မိနစ်တွင် ဗင်ပါစီအစား အွန်နရီ၊ ဖာဗရီဂတ်အစား အဒီရာဘီတို့ ဝင်ရောက်ကစားခဲ့သလိုမန်ယူကလည်း နစ္စတယ်ရှိုင်းအစား ဆာဟာ ဝင်ရောက်ကစားခဲ့သည်။ အွန်နရီ ပါဝင်လာသဖြင့် အာဆင်နယ်တိုက်စစ် အသက်ဝင်လာသော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ဘဲရှိရာ ၇၈မိနစ်တွင် ရွန်နေပေးသော ဘောလုံးကို ပတ်ဂျီဆန်က အာဆင်နယ် ဂိုးဧရိယာအတွင်းမှ အနီးကပ်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။

ဆဋ္ဌမနေရာရောက်နေ

အာဆင်နယ်တို့ ချေပဂိုးများရရှိရေး အပြင်းအထန်ကြိုးစားသော်လည်း တစ်ဂိုးမျှ မချေပနိုင်ဘဲ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး မန်ယူတို့ ပရီမီယာလိဂ်၌ ချယ်လ်ဆီးနှင့် ပွဲတူခုနစ်မှတ်ကွာ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အာဆင်နယ်မှာ ဆဋ္ဌမနေရာသို့ ရောက်ရှိနေသည်။

ချယ်လ်ဆီးနှင့်ဝက်စ်ဟမ်း

ပရီမီယာလိဂ်၌ယခုနှစ်ဘောလုံးရာသီတွင် အိမ်ကွင်းရှုံးပွဲလုံးဝမရှိသည့် စံချိန်ကို ချယ်လ်ဆီးတို့ ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်သည်။ သို့သော် ဧည့်သည်ဝက်စ်ဟမ်း၏ ဂျိမ်းစ်ကိုလင်းက ၁၀ မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာက ၂၈ မိနစ်တွင် တစ်ဂိုး၊ ဟာနန်ခရက်စပိုက ၃၁မိနစ်တွင် တစ်ဂိုး၊ ဂျွန်တယ်ရီက ၅၄မိနစ်တွင် တစ်ဂိုးနှင့် ဂါးလက်စ်က ၆၉ မိနစ်တွင် တစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ချယ်လ်ဆီးတို့ ယခုပွဲအနိုင်ရရှိခဲ့သော်လည်း ၁၇ မိနစ်၌ မန်နစ်ချ် အနီကတ်ပြအထုတ်ခံခဲ့ရသည်။

ကမ္ဘာတစ်လွှား အားကစား

လီဗာပူးနှင့် ဘော်လ်တန်

လီဗာပူးတို့ ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျရတ်၊ ကီးဝဲလ်၊ ခရော့ချ်၊ ဆစ်စီနှင့်ဖောင်လာတို့၏ ကန်ချက်များ မမှန်ကန်မှုကြောင့် ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။ ၄၅ မိနစ်ရောက်မှသာ လီဗာပူး တိုက်စစ်မှူး ရော်ဘီဖောင်လာက ဘော်လ်တန် ဂိုးဧရိယာအတွင်း အနီးကပ် ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်ပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ခိုင်ခိုင်မာမာရပ်တည်

လီဗာပူးတို့ ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယား တတိယနေရာ၌ မန်ယူနှင့် ငါးမှတ်ကွာပြီး ရပ်တည်လျက်ရှိသည်။

အခြားပွဲရလဒ်များ

မစ်ဒယ်ဘရော့ ၁-၂ နယူးကာဆယ်
အက်စတွန်ဗီလာ ၀-၀ ဝက်စ်ဘရွန်း

(အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ်(၃၃) အဖြစ် ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းတို့ပွဲတွင် ဝက်စ်ဟမ်းမှ ဂျိမ်းစ်ကိုလင်း(လယ်) **ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဂျူဗင်းတပ်စ်တို့ သရေကျ

အေစီတို့နိုင်ပွဲရသည့် စီးရီးအေပွဲစဉ်(၃၃)

ရောမ ဧပြီ ၁၀

စီးရီးအေပွဲစဉ်(၃၃)တွင် ဂျူဗင်းတပ်စ်တို့အိမ်ကွင်း လေးပွဲမြောက်သရေပွဲဖြစ်ခဲ့ရသည်။ ဂျူဗင်းတပ်စ်တို့ အိမ်ကွင်းရှုံးပွဲမရှိသေးသော်လည်း ဖီအိုရင်းတီးနားတို့က တစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားလိုက်သဖြင့် တန်းစီဇယား ဒုတိယနေရာမှ အေစီမီလန်နှင့် ပွဲတူခုနစ်မှတ်ကွာသာရှိသည့် အနေအထားဖြစ်နေသည်။

ပထမအပိုင်း တစ်ချိန်လုံး ဂျူဗင်းတပ်စ်တိုက်စစ်မှူးများဖြစ်သည့် အီဘရာဟီမိုဗစ်၊ ဒယ်ပီယာရိုနှင့် ဇမ်ဘရော့တာတို့က မနားတမ်း တိုက်စစ်ဆင်ကစားခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့သဖြင့် ဂိုးမရရှိခဲ့ချေ။

ပွဲချိန် ၄၇မိနစ်တွင် ဖီအိုရင်းတီးနား တိုက်စစ်မှူး လူကာတိုနီက အဖွင့်ဂိုးသွင်းယူလိုက်သဖြင့် ဂျူဗင်းတပ်စ်တို့ ဖိဖိစီးစီး ပြန်လည်ကစားခဲ့မှုကြောင့် ၆၂မိနစ်တွင် ဒယ်ပီယာရိုက ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲ ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

အေစီမီလန်နှင့်ချေယေးဗို

ဂျူဗင်းတပ်စ်ကို ဒုတိယနေရာမှ ဖိအားပေးနေသော အေစီမီလန်တို့ အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တင်ပြီး ချေယေးဗိုကို လေးဂိုး-တစ်ဂိုးဖြင့် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ သို့သော် ဧည့်သည်အသင်း၏ အဖွင့်ဂိုး သွင်းယူခြင်းခံရပြီးမှသာ ချေပဂိုးနှင့် အနိုင်ဂိုးများ ဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

ချေယေးဗိုအတွက် အဖွင့်ဂိုးကို ပွဲချိန်၁၃မိနစ်တွင် ဆာဂျီရိုပယ်လစ်စီယာက သွင်းယူခဲ့ပြီး အေစီမီလန်အတွက် ချေပဂိုးကို ပွဲချိန် ၂၈မိနစ်တွင် အလက်ဇန်ဒရိုနက်စတာ သွင်းယူခဲ့သည်။ ထို့နောက် ကာကာက ၆၂ မိနစ်တွင်တစ်ဂိုး၊ မိနစ် ၇၀ တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဂိုး၊ မိနစ် ၉၀ တွင် တစ်ဂိုး၊ တစ်ဦးတည်း သုံးဂိုး ဆက်တိုက် ဟက်ထရစ်သွင်းယူခဲ့သဖြင့် အေစီမီလန်တို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ရိုးမားနှင့်လက်ချီ

နိုင်ပွဲဆက်လာသော ရိုးမားတို့ လက်ချီကို သုံးဂိုးအထိသွင်းယူနိုင်ခဲ့သည်။ ရိုးမားတို့ခြေစွမ်းထက်မြက်လာရာ ပွဲချိန်မိနစ် ၂၀ တွင် မန်စီနီက ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဂိုး၊ ၂၃ မိနစ်တွင် ခရစ်စတင်းချီဗူးက တစ်ဂိုး၊ ၇၃မိနစ်တွင် မန်စီနီက တစ်ဂိုး သွင်းယူပေးခဲ့ပြီး လက်ချီအတွက် နှစ်သိမ့်ချေပဂိုးကို မိနစ် ၉၀တွင် ဒီလ်ဗီချီရိုက သွင်းယူပေးခဲ့သည်။ ရိုးမားတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့သဖြင့် ၃၃ ပွဲကစား ၆၃ မှတ်ဖြင့် တန်းစီဇယား စတုတ္ထနေရာ၌ ရှိနေသည်။

အခြားပွဲရလဒ်များ

ကက်ဂလီရာရီ	**၁ - ၁**	**ပါလာမို**
ပါးမား	**၄ - ၀**	**ရက်ဂျီးနား**
အမ်ပိုလီ	**၂ - ၁**	**ဆမ်ဒိုးရီးယား**
မက်ဆီနာ	**၃ - ၁**	**ထရီဗီဆို**
ဆီနာ	**၂ - ၃**	**လာဇီယို**

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစကွတ်မြို့

ဘီစကွတ်များဖြင့်တည်ဆောက်ထားသော မြို့တစ်မြို့၏ပုံစံငယ်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံမှ အနုပညာရှင် ဆောင်ဒေါင်းဆိုသူသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဒီပါမင့်စတိုးတစ်ခုတွင် ဘီစကွတ်များဖြင့် တည်ဆောက်ထားသော မြို့တစ်မြို့ကို ဖန်တီးပြုလုပ်ပြသခဲ့သည်။

(အင်တာနက်)



အားကစားကွင်းပုံ ချောကလက်

ချောကလက်ဖြင့် ပြုလုပ်ထားသော ဘောလုံးအားကစားကွင်းတစ်ခုကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဘာစီလိုနာမြို့အနီး ပင်နီဒါဒီမာမြို့စူပါမတ်ကက်တစ်ခုတွင် ချောကလက်ကီလိုဂရမ် ၇၀၀ခန့်ဖြင့် ပြုလုပ်ထားသော အက်ဖ်စီဘာစီလိုနာ ဘောလုံးအားကစားကွင်းပုံစံ ချောကလက်ကြီးတစ်ခုအား ဘော့ချ်အမည်ရှိ ဘာစီလိုနာမြို့သားတစ်ဦးက ပြုလုပ်ထားကြောင်း သိရသည်။ အဆိုပါ အားကစားကွင်းပုံ ချောကလက်သည် ဘောလုံးချစ်သူ ပရိသတ်အတွက် လက်ဆောင်ပေးရာတွင် အမှတ်တရဖြစ်စေရန် ရည်ရွယ်ပြုလုပ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

သံဖြူဇရပ်မြို့နေ ဦးထွန်းရီ- ဒေါ်ခင်အုန်းမြင့်တို့၏သား

မောင်ထွန်းထွန်းထိုက် (MCSD. NET)

Phillip Securities Pte Ltd, Singapore

နှင့်

ရန်ကုန်မြို့နေ ဦးကိုကိုကြီး-(ဒေါ်ခင်ထားထားအေး)တို့၏သမီး

မရတနာကိုကိုကြီး B.Sc (Zoology)

Air Bagan Ltd.

တို့သည် လက်ထပ်ပြီးစီးပြီးဖြစ်ပါ၍ ၁၀-၄-၂၀၀၆ရက်(IBC)Pool Side တွင်ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်မောင်ထွန်းထွန်းထိုက်-မရတနာကိုကိုကြီး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊ သုဇာတာဂုလမ်း၊ အမှတ် ၈၄၁နေ ဦးဝင်း(ဟိုတယ်/ခရီး၊ငြိမ်း)-ဒေါ်အေးမြိုင်တို့၏သား

မောင်သန်းမျိုးဝင်း B.Sc(Botany),Q,Credit

(ဒု-မီးသတ်ဦးစီးမှူး၊ ဗဟိုမီးသတ်သင်တန်းကျောင်း) နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ စခန်း(၁)မီးသတ်၊ အမှတ် ၁၂၇နေ

ဦးဇော်ဝင်း(မီးသတ်တပ်စုမှူး)-ဒေါ်တင်တင်ငွေတို့၏သမီး

မခင်ဌေးဝင်း Final Year (Geography)(မီးသတ်ဦးစီးဌာနချုပ်)

တို့၏ ၉-၄-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် ရွှေအိမ်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန်းမျိုးဝင်း-မခင်ဌေးဝင်း။

ဧပြီ၁၀ရက်က ကွယ်လွန်သူ ဦးကြည်ညွန့်(ချစ်ကြည်ရေး-ကြည်ညွန့်)စာတည်းမှူးချုပ်(ငြိမ်း) မြန်မာ့အလင်းသတင်းစာတိုက်အား ရည်စူး၍ ဇနီး ဒေါ်ခင်ခင်န၊ သား၊ သမီးမြေးတစ်စုတို့က အလှူငွေကျပ် ၂၀၀၀၀၀ကို မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

HAPPY BIRTHDAY

အိမြတ်မော်(ပုံ့ပုံ့)

သမီးငယ်လေးရဲ့ ၁၁-၄-၂၀၀၆ရက်မှာကျရောက်တဲ့ (၁၃)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သမီးကိုချစ်သော ဖေဖေ၊ မေမေ၊ မမကြီးတို့နှင့်အတူ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပြီး လိမ္မာယဉ်ကျေးထူးချွန်ထက်မြက်သော လူတော်လူကောင်း ဖြစ်ပါစေ။

ချစ်သောနှစ်ဖက်	– ဘိုးဘိုး၊ ဘွားဘွား
ဖေဖေ	– ဦးလှမော်
မေမေ	– ဒေါ်သန်းသန်းမော်
မမကြီး	– မွန်မြတ်မော် (ကစ်ကစ်)။

လက်ထပ်ပြီးစီးခြင်း

သန်လျင်မြို့နေ ဦးမောင်စိုး-ဒေါ်အေးအေးရီတို့၏သားကြီး

ပိုလ်မှူးစိုးသန်း B.Sc (D.S.A)

နှင့်

ရန်ကုန်မြို့နေ (ဒေါက်တာဦးဘိုးကြွယ်) Regional Health Delegate, IFRC, New Delhi)-ဒေါ်ကြူကြူဆွေတို့၏သမီးငယ်

မနှင်းဝင့်အေးကြွယ် B.A (Eco)(Q),

Dip in Accounting (LCCI UK),

Dip in Computerized Accounting (LCCI UK)

တို့သည် ၉-၄-၂၀၀၆ရက်တွင် ဗိုလ်တထောင်မြို့နယ် တရားသူကြီး ဦးစိန်သောင်း၏ ရှေ့မှောက်တွင် နှစ်ဖက်သောမိဘများ၏ သဘာတူညီချက်ဖြင့် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

ဗိုလ်မှူးစိုးသန်း-မနှင်းဝင့်အေးကြွယ်။



Bingo Game ဖြင့် ကံစမ်းမဲဖောက်မလား

အတူတူပျော်ရွှင်ဖို့ Bingo Game° ကစားစို့

Bingo Game

၁၂ရက်နေ့ မဏ္ဍပ်အရောက် ပို့ပေးသည်။

Ayar Nadi General Services

Ph-503020, 09-5151965.

ခရမ်း၀ မဟာစည် အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း တွံတေးမြို့နယ် ခရမ်း၀ကျေးရွာ ခရမ်း၀ မဟာစည် သာသနာ့ရိပ်သာတွင် တတိယအကြိမ်မြောက် သင်္ကြန်အတွင်း အထူးတရားစခန်းပွဲကို ၁၃၆၇ခုနှစ် တန်ခူးလဆန်း ၁၃ ရက်မှတန်ခူးလပြည့်ကျော် ၅ရက် ဧပြီ၁၀ရက်မှ၁၇ရက်ထိ မဟာစည် သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ သာသနာပြု၊ ညောင်ကန်အေး ဆရာတော်၏ တပည့်များဖြစ်သော မဟာစည် နယ်လှည့် ဓမ္မကထိက အရှင်သုမင်္ဂလ၊ မန္တလေး၊ ထီလာအရှင်ဉာဏိဿရ ညောင်ကန်အေး၊ အရှင်ဓမ္မရာဇာ(ခရမ်း၀) ဆရာတော်အရှင်မြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။

(က-ပ)

စစ်တွေကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်ရောက် စစ်တွေကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ရက်တွင် တက္ကသိုလ်မွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ဦးဦးစောသိန်း ဖုန်း-၂၉၈၁၀၉၆၊ ဦးလှမြင့် ဖုန်း-၀၉၅၀၀၂၈၃၁၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၈၉၂၂၀၅၇၊ ဒေါ်လှသာစိန် ဖုန်း-၂၄၃၉၀၂၊ ဒေါ်ကျော့မြခင် ဖုန်း- ၃၈၅၆၆၉၊ ဒေါ်တင်မြင့်ခိုင် ဖုန်း- ၃၈၆၈၉၁၊ ကိုသာထွန်းလှ ဖုန်း- ၇၂၁၇၂၈၊ ဒေါ်ခင်မာန ဖုန်း-၂၈၅၁၉၃၊ ဒေါ်လီလီဇံ ဖုန်း-၂၄၆၀၀၇နှင့် ဦးညီအေး ဖုန်း-၂၄၂၀၀၉-EX-၆၄၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ၂၀၀၆ခုနှစ် (တတိယအကြိမ်)

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က စီစဉ်သည်

သိမ်ဖြူမော်တော်ယာဉ်အမောင်းသင်ကွင်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်

၁၂-၄-၂၀၀၆ရက်	–	နံ့သာသွေးပွဲ ညနေ ၄း၃၀ နာရီ
၁၃-၄-၂၀၀၆ရက်	–	ဘုရားရေသပ္ပာယ်ပွဲ နံနက် ၈ နာရီ
		၁၃၊ ၁၄၊ ၁၅၊ ၁၆-၄-၂၀၀၆ရက်
ရခိုင်ရိုးရာရေလောင်းပွဲ	–	နံနက် ၈ နာရီ-ညနေ ၅ နာရီ

မည်သူမဆို လာရောက်ပါဝင် ဆင်နွှဲနိုင်သည်။

ကောင်းကောင်း(2)သင်္ကြန်

အထူးဈေးရောင်းပွဲတော်

ဟော့ပေါ့အသားကင်၊ မာလာဟင်း၊ ကဏန်းချက်

13-4-2006 To 16-4-2006

နံနက် ၁၁း၀၀နာရီ မှ ည ၁၂း၀၀နာရီအထိ

အမှတ် ၄၈၅၊ ပြည်လမ်းနှင့်နာနတ်တောလမ်းထောင့်။

ပန်းတနော် မြစ်ဝရေကြီးကွင်း ခန့်ကဘိုအုပ်စု နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

မအူပင်ခရိုင် ပန်းတနော်မြို့နယ် မြစ်ဝရေကြီးကွင်း ခန့်ကဘိုကျေးရွာအုပ်စု ဖိုးလမင်းစိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဧပြီ၅ရက် နံနက်၉နာရီက ခန့်ကဘိုအရှေ့ကွင်း ကွင်းအမှတ်(၇၂၀-ခ) နွေစပါး ၆၂ဧကစိုက်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးဌေးဝင်းနှင့် ခရိုင်စိုက်တိုးမြှင့်ကော်မတီဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် မြို့နယ်စိုက်တိုးမြှင့်ကော်မတီဝင်များ၊ ဖိုးလမင်းကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးကျင်ညိမ်း၊ ကျေးရွာဥက္ကဋ္ဌများနှင့်လယ်သမား၁၇၅ဦးတက်ရောက်ကြသည်။**(အောက်ပုံ)**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)နှင့် မြို့နယ်ဥက္ကဋ္ဌတို့က မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးမည့်ကိစ္စများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှသိန်းက ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စပါးမျိုး ပြောင်းလဲစိုက်ပျိုးရေးကိစ္စများကို ဆွေးနွေးကြပြီး အုပ်ချုပ်မှုဒါရိုက်တာ ဦးကျင်ညိမ်းက ကုမ္ပဏီ၏မိုးစပါး၊ နွေစပါး၊ ပဲတီစိမ်းစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မျိုးသန့်မနော်သုခစပါးစံကွက်အား ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧကေ ၁၄၅တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အမှတ် ၇၊ လေးလွှာ B နေ ဒေါ်ဝင်းဝင်းထွေး၏ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း အသက်(၄၃)နှစ်သည် နေအိမ်မှ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပါ။ လက်ခံထားသူများ တရားဥပဒေအရ အရေးယူခံရမည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ **ဆက်သွယ်ရန် ဖုန်း-၀၉ ၅၀ ၂၂၆၃၁။**

အမည်ပြောင်း

ဦးအောင်မြင့်၏သား မောင်သန်းထိုက်အား ယနေ့မှစ၍ မောင်အောင်သန်းထိုက် ၉/၀တန(နိုင်)၁၂၆၉၉၃ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်သန်းထိုက်။**

ပြင်ဆင်ဖတ်ရှုပါရန်

၉-၄-၂၀၀၆ရက် စာမျက်နှာ၁၆တွင် ပါရှိသော ဂုဏ်ယူဝမ်းမြောက်ကြောင်း (တောင်ကြီးမောက်မယ် သနပ်ခါး) ကြော်ငြာတွင် ဦးစိုင်းမောင်မောင်-ဒေါ်လှငွေး(တောင်ကြီးမြို့)ဟုပြင်ဆင်ဖတ်ရှုပါရန်။ **ဦးစိုင်းမောင်မောင်-ဒေါ်လှငွေး တောင်ကြီးမြို့**

ဘွဲ့တံဆိပ်တော်ရ ရွှေလောင်းဆရာတော် ဂုဏာဝိသိဋ္ဌပူဇော်

အုတ်တွင်း ဧပြီ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်သည့် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ရွှေလောင်းဆရာတော် ဘဒ္ဒန္တ ဝါယမ၏ ဂုဏာဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၁၁ နာရီက အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာ ရွှေလောင်းဓမ္မရိပ်သာ ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ တောင်သာမြို့ မြေဖြူကုန်း ကျေးရွာ နန္ဒာရာမကျောင်း ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်မြတ်တို့က မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ရာ တောင်ငူခရိုင် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စွာမြင့်က သာသနာရေး ဆိုင်ရာကိစ္စများကို လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ရွှေလောင်းဆရာတော်၏ အတ္ထုပ္ပတ္တိစာတမ်းကို ဆရာတော် ဘဒ္ဒန္တ ခေမာစာရက ဖတ်ကြား၍လည်းကောင်း၊ တောင်သာမြို့ နန္ဒာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရက ဂုဏာဝိသိဋ္ဌဂါထာတော် ဖတ်ကြား၍လည်းကောင်းပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဘွဲ့တံဆိပ်တော်ရ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝါယမ ရွှေလောင်း ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူ၍ **(ယာပုံ)** ဒါယကာ၊ ဒါယိကာမများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ငူ စည်ပင်ဂိုဏ်းအုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒာလင်္ကာရက အနုမောဒနာတရား ဟောကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(၃၁၆)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးသော မုဒုံ-ကော့ပရံကျေးရွာ ကျေးလက်လမ်း အုတ်ခုံကွန်ကရစ်တံတားသစ်ဖွင့်ပွဲနှင့် အထိမ်းအမှတ်အလံ ပေးအပ်ပွဲကို မတ် ၂၅ ရက်ကကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဖုန်းလွင်က လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းထံ အထိမ်းအမှတ်အလံ ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

လင်းခေး မြို့မအရှေ့ရပ် နှင်းဆီလမ်းကျောက်ချောလမ်းဖွင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး၊ အစိမ်းတတ်ထိန်းသိမ်းဆောင်ရွက် လျှာထားချက်ပြည့်မီအောင် ပျိုးထောင်မည့်လုပ်ငန်းစဉ်များရှင်းလင်း

လင်းခေး ဧပြီ ၅

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လင်းခေးမြို့ မြို့မအရှေ့ရပ် နှင်းဆီလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီက အဆိုပါလမ်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးကျင်းပသော မြို့မအရှေ့ရပ် နှင်းဆီလမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားပြီး နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြို့မအရှေ့ရပ် နှင်းဆီလမ်း ကျောက်ချောလမ်းမှာ အရှည် ၂၆၂၂ပေ၊ အကျယ် ၁၂ပေဖြစ်ပြီး ထောက်ပံ့ငွေကျပ် ၅၃၈၅၀၀ဖြင့် ဆောင်ရွက်ခဲ့သည်။

အစေ့ချစိုက်ပျိုး

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လင်းခေးမြို့ မြို့မတောင်ရပ်ကွက် တောင်သူ ဦးတာယ၏ နေအိမ်ခြံဝင်းအတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့ချအပင် ၃၀၀၀၀ စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ယဉ်ကျေးမှုတိုင်းရင်းသား တိုင်းရင်းသူများနှင့် ခြံစည်းရိုးကြက်ဆူ အစေ့ချစိုက်ပျိုးခြင်းကို တပျော်တပါး စုပေါင်းပါဝင် ဆောင်ရွက်ပေးကြသည်။

တပျော်တပါး

ဆက်လက်၍ နံနက် ၁၀နာရီခွဲတွင် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လင်းခေးမြို့ နွယ်ဝတီခန်းမဝင်းရှိ ပျိုးဥယျာဉ်၌ ပြုလုပ်သော ခြံစည်းရိုးကြက်ဆူ သုံးသိန်းခန့်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကာ ခြံစည်းရိုးကြက်ဆူပင်များကို အဖွဲ့အားလုံးနှင့်အတူ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းနှင့် အစိမ်းတတ်ထိန်းသိမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူလှုပ်ရှားမှု ပြခန်း၊ ပြိုင်ပွဲဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ ကျိုင်းတောင်း၊ မိုင်းပန်နှင့် ဟိုမိန်းမြို့တို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူအဖွဲ့တို့သည် လင်းခေးမြို့နယ်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့် ပျိုးဥယျာဉ်များ၌ ပျိုးထောင်ထားရှိမှုများကို သွားရောက်လေ့လာ ကြည့်ရှုကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် နံနက် ၁၁နာရီခွဲ၌ ခရိုင်၊ မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေး၊ မြေစာရင်းဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်တွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌက ခြံစည်း ရိုးကြက်ဆူပင် နေ့စဉ်စိုက်ပျိုးထားမှု အခြေအနေ၊ ခြံစည်းရိုး ပျိုးထားရှိမှု အခြေအနေများနှင့် ခရိုင်တစ်ခုလုံး၏ လျာထားချက်များ ပြည့်မီကျော်လွန်အောင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုး ပျိုးထောင်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကုတ်မြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြို့တွင်းလမ်းပခုံးများ လမ်းနှင့် လိုက်လျောညီထွေ ရှိစေရေး ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က ဒုတိယဦးစီးမှူး(သန့်ရှင်းရေး)ဦးဝင်းဇော် ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ မင်္ဂလာလမ်းတစ်လျှောက် လမ်းပခုံးများပြုပြင်ဆောင်ရွက်ကြစဉ်။ (ပြည်နယ် စည်ပင်)

တီဘီရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှား ရေတာရှည်၌ကျန်းမာရေးပညာပေးဆွေးနွေး

ရေတာရှည် ဧပြီ ၃

ရေတာရှည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်းဆောင်ရွက်သည့် အနာကြီးရောဂါကင်းဝေးရေးနှင့် တီဘီရောဂါတိုက်ဖျက်ရေး၊ ကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုလုပ်ငန်းများကို မတ် ၂၄ ရက်မှ ၃၀ ရက်အထိ ရေတာရှည်မြို့နယ်အတွင်းရှိ မြို့မခွဲငါးနေရာဖြစ်သော ဆွာ၊သာဂရ၊ မြို့လှ၊ ရေနီနှင့် ရေတာရှည်မြို့မတို့တွင် ပညာပေးဆွေးနွေးပွဲများကျင်းပသည်။

မြို့မခွဲအလိုက်ပညာပေးဆွေးနွေးပွဲများတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းစိန်ကအဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** ကျန်းမာရေးဦးစီးဌာန ဆရာမကြီးဒေါ်ခင်ပြုံးဦးနှင့် ဆရာမကြီးဒေါ်ရင်နုတို့က အနာကြီးရောဂါကင်းဝေးရေးနှင့် တီဘီရောဂါတိုက်ဖျက်ရေး၊ အေအိုင်ဒီအက်စ်ရောဂါမဖြစ်စေရေးအတွက် ဆေးဝါးကြိုတင်ကာကွယ်ကုသရေးကို လည်းကောင်း၊ ဆရာမဒေါ်လှသန်းကြည်က မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ပညာပေးဆွေးနွေးကြသည်။

အဆိုပါကျန်းမာရေးပညာပေးဆွေးနွေးပွဲများကို နံနက်ပိုင်းတွင် မြို့မအလိုက် ငါးနေရာ၌ ပြုလုပ်ပြီး နေ့လယ်ပိုင်းတွင် လူနာများအား ရောဂါစမ်းသပ်ခြင်း နှင့် ဆေးဝါးကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

ငါးလုပ်ငန်းဆိုင်ရာဟောပြောပွဲ မကွေး၌ကျင်းပ အင်းအိုင်ဥပဒေ လုပ်ထုံးလုပ်နည်းများရှင်းလင်း

မကွေး ဧပြီ ၅

မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပွဲအခမ်းအနားကို မတ် ၃၁ ရက်က မကွေးမြို့ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မကွေးတိုင်း ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူးဦးထွန်းဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းလွင်က ငါးလုပ်ငန်း လုပ်ကိုင်ခြင်း၊ အင်းအိုင်ဥပဒေလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ပညာပေးဟောပြောပွဲ အခမ်းအနားသို့ ခရိုင်အတွင်းရှိ ရေလုပ်ငန်းရှင် ၇၀တို့ တက်ရောက်ကြကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

မူးမြစ်အတွင်း ငါးသားပေါက်များစိုက်ထည့်

ရွှေဘို ဧပြီ ၅

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သမရိုးကျေးရွာအနီးရှိ မူးမြစ်အတွင်းသို့ ရွှေဘိုငါးလုပ်ငန်းစခန်းမှ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းစိုက်ထည့်သည့် အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စုပေါင်းတက်ရောက်

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ဝက်လက်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုပေါင်းတက်ရောက်ကြပြီး ငါးစိုက်ထည့်ပွဲကို ကျင်းပကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျောင်းကုန်းမြို့ ညောင်သာယာ အမက တိုးချဲ့ကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ကျောင်းကုန်း ဧပြီ ၅

အလှူရှင်များ ပညာရေးအတွက်လှူဒါန်းခဲ့သည့်ငွေနှင့် အလှူရှင် ဂါဒီယန် ဦးစိန်ဝင်း-ဒေါက်တာဒေါ်ခင်ထွေးမိသားစုက ပေါင်းစပ် လှူဒါန်းဆောက်လုပ်သည့် ငွေကျပ် ၇၃ သိန်းတန် တိုးချဲ့ကျောင်းဆောင်သစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် ပညာ ရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို မတ်၂၉ရက်နံနက်၈နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ညောင်သာယာ အမကတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုးချဲ့ ကျောင်းဆောင်သစ်ကို တိုင်းပညာရေးမှူး ဦးမြင့်ဆွေ၊ အလှူရှင်ဂါဒီယန် ဦးစိန်ဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညဏ်လှိုင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ ရောဝတီတိုင်း အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရ မြင့်အောင်က အမှာစကား ပြောကြားပြီး အလှူရှင် ဂါဒီယန်ဦးစိန်ဝင်းက အလျားပေ၄၀၊ အနံပေ၃၀ရှိ တိုးချဲ့ ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တိုးချဲ့ ကျောင်းဆောင်သစ်ကို အလှူရှင် ဂါဒီယန်ဦးစိန်ဝင်းက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ရောဝတီတိုင်း ပညာရေးမှူး ဦးမြင့်ဆွေက လက်ခံရယူပြီး ပညာရေး ငွေပဒေသာပင် အဖြစ် ရန်ကုန်မြို့နေ ဦးစောလွင်- ဒေါ်တင်တင်လှ တို့က ငွေကျပ် တစ်သိန်း စိုက်ထူ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးလှမြင့်က လက်ခံရယူသည်။ **(၂၆၅)**

မော်ကျွန်းမြို့ ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

မော်လမြိုင်ကျွန်း ဧပြီ ၇

မော်လမြိုင်ကျွန်းမြို့ ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန်တော် ပန္နက်တင်မင်္ဂလာ နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ၃ရက် နံနက် ၁၁ နာရီက ပုညဝိသုဒ္ဓိသာသနာ့ဗိမာန်တော် ဆောက်လုပ်မည့်မြေနေရာ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သံဃနာယက ဆရာတော်ကြီးများအား မြောင်းမြခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန်တော် ဆောက်လုပ်မည့်မြေနေရာတွင် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက သတ်မှတ်ထားသောထောင့်လေးထောင့်တွင် မင်္ဂလာပန္နက်တိုင် စိုက်ထူကာ ပန္နက်တင်မင်္ဂလာပွဲ ကျင်းပကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန်တော် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာအလှူရှင် ၂၀တို့က လှူဒါန်းငွေကျပ် ၁၃၅သိန်းကို မြောင်းမြခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကြည်ထွန်းဝင်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် နယ်မြေခံ တပ်နယ်မှုဗိုလ်မှူးထွန်းထွန်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(၀၉၇)

မြစ်ကြီးနားမြို့၌ ဆက်သွယ်ရေးကောင်းမွန်ရန် ရပ်ကွက်ချင်းဆက် တံတားဆောက်

မြစ်ကြီးနား မတ် ၃၁

မြစ်ကြီးနား စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်တွင် မြို့ပြနှင့် ကျေးလက်လမ်း တံတား ရေပေးရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာ မတ်၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်မော်မော်သိန်း ကြီးကြပ်၍ ယုဇနရပ်ကွက်နှင့် မြေမြင့်ရပ်ကွက်ချင်း ဆက်သွယ်သော လမ်းပေါ်တွင် အလျားပေ၂၀၊ အနံ၅ပေရှိ သစ်သားတံတားဆောက်လုပ်မှုလုပ်ငန်း ဆောင်ရွက်ကြသည်။ ပြီးစီးပါက ပြည်သူများ သွားလာမှု ကောင်းမွန် ချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိအသင်း ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် ဓမ္မပူဇာဆက်ကပ်

ပဲခူး ဧပြီ ၂

ပဲခူးမြို့ဝိနယာဓိက ပရိယတ္တိအသင်းကြီး၏ အကြိမ်(၆၀)မြောက် ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် ဓမ္မပူဇာဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၁၉ရက် နံနက်က ပဲခူးမြို့ အာယုမ္မဝန ကုသိုလ်ဖြစ် သံဃာဆေးကုဌာနတွင် ကျင်းပသည်။

ထို့နောက် မဇ္ဈိမနိကာယပါရဂူတန်း၌ ပဲခူးဝိနယာဓိက မဇ္ဈိမနိကာယ ပါရဂူဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် သုံးပါးနှင့် ကျမ်းစွဲ အရှင်သူမြတ် ငါးပါး၊ စာချတန်း၌ ကျမ်းစွဲအရှင်သူမြတ်လေးပါး၊ အကြီးတန်း၌ ပဲခူးဝိနယာဓိက ပထမကျော် ဘွဲ့တံဆိပ်ရ အရှင်သူမြတ်တစ်ပါးနှင့် စာအောင် သံဃာသုံးပါး၊ပထမလတ်တန်းအောင် ၁၂ပါး၊ ပထမငယ်တန်းအောင် ၁၅ပါး တို့ ကြွရောက်တော်မူကြသည်။

အောင်လက်မှတ်ဆက်ကပ်

အခမ်းအနားတွင် ကြခတ်ဝိုင်း ဆရာတော် ဘဒ္ဒန္တ ဇောတိပါလက သီလပေးတရားနှင့် ဩဝါဒကထာ ချီးမြှင့်ပြီး ပန်းလှိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာသနက ရေစက်ချတရား ချီးမြှင့်တော်မူကာ စာအောင် သံဃာတော်အရှင်သူမြတ်တို့အား နာယကများ၊ ဥက္ကဋ္ဌနှင့် အကျိုးဆောင်များ၊ အလှူရှင်များက ဘွဲ့တံဆိပ်၊ အောင်လက်မှတ်၊ ဓမ္မပူဇာနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

(အပေါ်ပုံ)(၁၇၃)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အမှတ်(၃) ရပ်ကွက် မြို့ပတ်လမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို မတ် ၁၀ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



အမြို့မြို့ အနယ်နယ် သတင်းများ

ထီးချိုင့်မြို့နယ် ဘုရင့်နောင်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

အမ်းမြို့၌ သွေးလှူရှင်များအားဂုဏ်ပြု

အမ်း ဧပြီ ၁

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စေတနာသွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက အမ်းမြို့ အမ္ဗနဒီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သွေးလှူရှင်များအသင်း အတွင်းရေးမှူး ဦးအောင်တင်သိန်းက အဖွဲ့ ပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မြို့နယ်ဆရာဝန် ဒေါက်တာအောင်ကျော်မြင့်က ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မှ စေတနာသွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ငွေအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြသည်။ **(ယာပုံ)(မြို့နယ် ပြန်/ဆက်)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့–မွန်ပြည်နယ်

ကြော်ငြာချက်

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၀၅–၂၀၀၆ခုနှစ် ဘုရားပွဲတော်ကာလတွင် သိမ်းဆည်းထားသည့်အောက်ဖော်ပြပါ ပစ္စည်း များအား မျက်မြင်အခြေ အနေအတိုင်း ၂၀–၄–၂၀၀၆ ရက်နေ့ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်း ၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၁–၄–၂၀၀၆ရက် နံနက် ၁၀ နာရီအချိန်တွင် တင်ဒါဖွင့်လှစ် မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါရောင်းချမည့်ပစ္စည်းများ

၁။ ရွှေလှောင်စက္ကူ(မြွေခွံအိတ်)ဖြင့် (၁၀၂)အိတ်
၂။ ကြောင်ချေး၊ သုတ်ဖတ်(မြွေခွံအိတ်)ဖြင့် (နှစ်ပိုင်းတစ်ပိုင်း)အိတ်
၃။ ကံမြေ(မြွေခွံအိတ်)ဖြင့် (၄၃)အိတ်
၄။ ရွှေပန်းချီများအသုံးပြုသည့်အင်္ကျီ၊ ပုဆိုးနှင့် လက်သုတ်ပဝါ (၁)ထုပ်

ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်း
ဂေါပကအဖွဲ့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ပဲခူးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်–၁၆

မန်နေဂျာ **နှင့်** ၁။ တီရှူချွန်း(ခ)ဒေါ်ကေသွယ်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဦးမောင်မောင်လေး
ပဲခူးမြို့။

တရားနိုင် **တရားရှုံး**

ပဲခူးတိုင်း၊ တွဲဖက်တိုင်းတရားသူကြီးရုံးတော်၏ ၂၀၀၂ ခုနှစ် တရားမကြီးမှု အမှတ်–၁၆တွင် ရရှိခဲ့သည့်ဒီကရီအရ တရားရှုံး တီရှူချွန်း(ခ)ဒေါ်ကေသွယ်၊ ဦးမောင်မောင် လေးထံမှ ရရန်ဖြစ်သောငွေ ၇၆၇၁၅၈၇ ကျပ် ၅၅ ပြားကို တရားနိုင်ဖြစ်သူမှ ရယူနိုင်ရန်အတွက် တရားရှုံးပိုင် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၆ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ (၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၂ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာ နေရာ၌ လေလံတင် ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော် လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း၊ ရောင်းချသူ အရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ရက်ကို ပယ်၍ ၁၅ ရက်မြောက်သော နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ ရက်မြောက်သောနေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၆ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ဒိုက်ဦးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်–၃၁၄၊ မြေတိုင်းအကွက် အမှတ်(၂)၊ ဈေးပိုင်းရပ်ကွက်၊ ဦးပိုင်အမှတ်–၁၈၉၊ မြေကွက်အမှတ်(၆၉၃)၊ ဧရိယာ (၀ ဒသမ ၀၆၉၀) ဧကရှိ နှစ်(၃၀)ဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အောက်ထပ် သမံတလင်းခင်း၊ အုတ်ကာ၊ ပေါ်ထပ် လျှာထိုးခင်း၊ အုတ်ကာ၊ သွပ်မိုး နှစ်ထပ်တိုက် အဆောက်အအုံ။

ကြမ်းခင်းဈေးကျပ်သိန်း (၂၀၀) သတ်မှတ်သည်။

ဝင်းတင်
ပဲခူးတိုင်းတရားသူကြီး
ပဲခူးမြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ် က/၇၂၉၊ခေမာသီလမ်းမြောက်ဥက္ကလာပ မြို့နယ်နေ ဦးမြင့်ဦး (B.Ed–ငြိမ်း)ပန်းသတင်းနည်းပြ– ဒေါက်တာခင်မူမူ(ဇီဝိတဒါနသံဃာ့ဆေးရုံ)တို့၏သားကြီး

မောင်ညီညီဗိုလ် **(Sr.D/C)**
East & West Marine Service Co.,Ltd. (Singapore)

နှင့်

ပုသိမ်မြို့ အမှတ် ၄၊ ကုသိန္နာရုံလမ်းနေ ဗိုလ်ကြီးစိန်လွင်(ငြိမ်း)–ဒေါ်မြသွေးတို့၏မြေး ဦးတင်မောင်ထွန်း(ဒု–ပြည်နယ်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့)–ဒေါ်ခင်လေးလွင်တို့၏ သမီး

မအိသက်မွန် **(M.C.Tech,Final) (U.C.S.Y)**

တို့သည် နှစ်ဖက်သော မိဘများရှေ့မှောက်တွင် ၉–၄–၂၀၀၆ ရက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ညီညီဗိုလ်–မအိသက်မွန်။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၄၁၊ ဦးပိုင်အမှတ် ၁၀ (ခဲစင်း)၊ မဟာစည်လမ်းနှင့်စိန်ပန်းလမ်းမကြီးကြားရှိ ဘိုးဘပိုင်မြေကွက် အား ဦးကိုကိုအောင်ပါ(၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/မနတ(နိုင်)၀၆၂၄၉၅ က အမှုတွဲအမှတ် ၀၆၃၉/ဘ(ခွဲ၊ပြောင်း)/၂၀၀၅–၂၀၀၆ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၂၁၊ နည်းဥပဒေ ၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၁

မန်နေဂျာ ၁။ ဦးခင်ဇော်ထွန်း
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ မသင်းသင်းယု
မြင်းခြံမြို့ ၃။ မောင်စိုးမင်းအောင်

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မြင်းခြံမြို့ အမှတ်(၇)ရပ်ကွက် အကွက်အမှတ်(၁၈) ကွေကြီးအရှေ့၊ ဦးပိုင်အမှတ်(၅) ဧရိယာ (၀ဒသမ၁၆၆)ဧကရှိ အငှားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၃၃ဒသမ ၆x ၃၀ဒသမ၆x၂၄)ပေရှိ နှစ်ထပ်ပတ်ကားတိုက် နေအိမ် (သံကူကွန်ကရစ်ဖြင့် အကျယ် ၅ ဒသမ ၆)ရှိတ်ပြားတွင် သံပန်းလက်ရန်း တပ်သည်။ (၃)ပေအမြင့် အုတ်ခုံတွင် အတွင်းအချင်း ၆ ပေ၊ အမြင့် ၇ ပေ သံကူကွန်ကရစ်လောင်း ရေလှောင်ကန်ပါသည်။) (၃၃ x ၂၄ x ၁၁) ပေနှင့် (၂၃ x ၁၂) ပေ မြေတွင်း ၇ ပေအနက်၊ မြေပေါ် ၈ ပေအမြင့်) ရှိ မြေတိုက်ခန်းပါဂိုဒေါင်။

ကြမ်းခင်းဈေးသိန်း(၁၇၀)
ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ်ကြွင်းကျန် ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် မတ်လ ၂၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမူ
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်
တရားရုံး။

မွေးနေ့ဆုတောင်း

ချောစုခင်(ခ) ပီးပီး ၏ ၅–၄–၂၀၀၆ရက်တွင် ကျရောက်သော(၅) နှစ်မြောက်မွေးနေ့မှသည် အသက်ရာကျော်ရှည်ပါစေ။

ဘွားဘွားစီ၊ ကြီးကြီးဘုတ်
ကြီးကြီးသက်၊ ဦးကျော်
ဖေဖေ–ဦးကျော်လွင်အောင်၊ မေကြီး–ငြိမ်းငြိမ်းအေး။

514010.603178

FAME ဆယ်ပင်အားဆေး Completec®

ပြည်ထောင်စုမြန်မာနိုင်ငံတော်
Civil Service Selection and Training Board
... Website ... csstb.inmis.com.mm ...

Toyota 4x4 W.D Surf (2 door) 88 model
S.S.R Limited
ဖုန်း – 01-577066, 09-2042039

01-591100

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံမီးသတ် သင်တန်းအမှတ်စဉ် (၁)မှ သင်တန်းသားများအား မီးသတ်ဦးစီးမှူး ဦးဟန်ဝင်း ကြီးကြပ်ပြီး လက်တွေ့မီးငြိမ်းသတ်နည်းသင်ကြားပေးစဉ်။ (၃၂၂)

မြန်မာ့အသံ

၁၂–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စစ်ကိုင်းတိုင်း စိုက်ပျိုးရေး လုပ်ငန်းအကြောင်း)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (လူယဉ်ကျေးတို့၏ အတာသဘင်–ဒေါ်စောမုံညင်း)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ထာဝရလုပလိုလျှင်–မမမဥ္ဇူ)

ညနေပိုင်း

၁၇:၃၀ အစာနှင့် အာဟာရ (ကျောက်ကျော)
၁၇:၄၅ ဟောပြောချက် (ခါသင်္ကြန်နှင့် မြန်မာ့ဓလေ့–ခင်စပယ်သင်း)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သူတို့ပြောသည့် အချစ်ဆိုသည်မှာ (ကောင်းသန့်)
(၂) ပန်းတိုင်အထွတ်အထိပ်သို့ (ချစ်မင်းသူ)
၁၉:၁၅ မေတ္တာလက်ဆောင်ရ သင်္ကြန် တေးစီးရီး(မာစတာ တေးထုတ် လုပ်ရေးမှ မေတ္တာလက်ဆောင် ပေးပို့သည့် သင်္ကြန်နှုတ်ခွန်းဆက် တေးစီးရီး)

ညှိနှိုင်းစည်းဝေး

ပဲခူးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နန်း တင့်က အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များ စိန့်ပီတာစဘတ်မြို့ရှိ State Hermitage Museum ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ **စာမျက်နှာ ၅ ကော်လံ ၁** ❐

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ State Hermitage Museum တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှုစစ်ဆေး ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးရေးနှင့် နိုင်ငံခြားဝင်ငွေရရှိသော နှစ်ရှည်သီးနှံပင်များ စီးပွားဖြစ်စိုက်ပျိုးရေး မှာကြား

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ **စာမျက်နှာ ၉ ကော်လံ ၁** ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်နယ်တွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာသင်္ကြန်ကာလအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၁၀

၁၃၆၇ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၃ရက်(မဟာသင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက်(မဟာသင်္ကြန်အကျနေ့)နှင့် ဧပြီ ၁၅ရက်(မဟာသင်္ကြန်အကြတ်နေ့)တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည် ဖြစ်သည်။

ဧပြီ ၁၆ရက်(မဟာသင်္ကြန်အတက်နေ့)၊ ဧပြီ ၁၇ရက် (၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့)နှင့် ဧပြီ ၁၈ ရက်နေ့တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

(သတင်းစဉ်)

11-4 (20).p65 1 1/12/32, 2:25 PM